၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

Voice of Burma

Published by Voice of Burma Information Group Issue No.827, August 14, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

# အပြုသဘော ပူးပေါင်းဆောင်ရွက်ရန် ဒေါ်အောင်ဆန်းစုကြည်နှင့်အစိုးရသဘောတူ

**VOA ၊ ဩဂုတ်လ ၁၂ ။** ။ မြန်မာ့ဒီမိုကရေစီရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွေရဲ့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နဲ့ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ အစိုးရဧည့်ဂေဟာမှာ ဒီကနေ့တွေ့ဆုံခဲ့ပါတယ်။ နှစ်ဖက် ပဋိပက္ခဖြစ်နိုင်ချေတွေကို ရှောင်ရှားပြီးတော့ ဒီမိုကရေစီရေးအတွက် ပူးပေါင်းလက်တွဲဆောင်ရွက်သွားမယ့်အပြင် တွေ့ဆုံဆွေးနွေးမှုတွေလည်း ဆက်လုပ်သွားမယ်လို့ တွေ့ဆုံအပြီးမှာ ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့ပါတယ်။ ဒီအကြောင်းကိုတော့ ထိုင်းနိုင်ငံကနေ စုံစမ်းထားတဲ့ ဒေါ်ခင်မျိုးသက်က တင်ပြထားပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ရဲ့ ဖိတ်ကြားချက်နဲ့ ဒီကနေ့ ရန်ကုန်အစိုးရရဲ့ ဧည့်ဂေဟာမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ အစိုးရသစ်အဖွဲ့ဝန်ကြီးဦးအောင်ကြည်တို့ ၁ နာရီနီးပါးတွေ့ဆုံ ဆွေးနွေးခဲ့ပါတယ်။ နှစ်ဖက်သဘောတူ ထုတ်ပြန်ခဲ့တဲ့ အချက်လေးချက်ပါ သတင်းထုတ်ပြန်ချက်ကိုတော့ ဦးအောင်ကြည်က ဖတ်ပြခဲ့ပါတယ်။

"နှစ်ဖက်စလုံးကအောက်ပါအတိုင်းသဘောတူညီခဲ့ကြပါတယ်။

(၁) ပြည်သူလူထုတရပ်လုံး ပကတိလိုအပ်ချက် ဆန္ဒများကိုဖြည့်ဆည်းပေးသည့်အနေဖြင့် တိုင်းပြည်၊ ပြည်နယ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် နှစ်ဖက်လက်တွဲဆောင်ရွက်သွားပေမည်။

(၂) မြန်မာနိုင်ငံတွင်ဒီမိုကရေစီစနစ်ဆက်လက်ထွန်းကား တိုးတက်စေရေးအတွက်လည်းကောင်း၊ စီးပွားရေးနဲ့ လူမှုရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး အတွက်လည်းကောင်း၊ အပြုသဘောပူးပေါင်းဆောင်ရွက်သွားမည်။

(၃) ပဋိပက္ခအသွင်ဆောင်သော အမြင်သဘောထားများကို ရှောင်ရှားကြပြီး အပြန်အလှန်ကူညီသော ပူးပေါင်းဆောင်ရွက်ရေလုပ်ငန်းစဉ် reciprocal basic အတွက် ဦးတည်ချက်ထား၍ ဆောင်ရွက်သွားမည်။

(၄) တွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်လုပ်သွားမည်။"

အခုတကြိမ်တွေ့ဆုံမှုကနေ နိုင်ငံတော်အစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ လက်တွဲဆောင်ရွက်သွားမယ်လို့ ပထမဆုံးအကြိမ်အဖြစ်နဲ့ အစိုးရသစ်ရဲ့ဝန်ကြီးက တရားဝင်ကြေညာခဲ့သလိုပဲ ဒီမိုကရေစီရေးအတွက် ပူးပေါင်းဆောင်ရွက်မယ်လို့ ပြောကြားခဲ့တာပါ။

ဇူလိုင်လ ၂၅ ရက်နေ့ ပထမတကြိမ် တွေ့ဆုံစဉ်က အပြုသဘောဆောင်တဲ့ တိုးတက်မှုတွေရှိတယ်လို့ ဒေါ်အောင်ဆန်းစုကြည်ကပြောကြားခဲ့ပါတယ်။ အခုတကြိမ်တွေ့ဆုံရာမှာတော့ တိုးတက်မှုတွေအတွက် ပူးပေါင်းဆောင်ရွက်မှုတွေက အရေးကြီးပါတယ်လို့ဆိုပါတယ်။

"ကျမတို့ ပူးပေါင်းဆောင်ရွက်မယ်ဆိုလို့ရှိရင် တိုင်းရင်းသားကိစ္စတွေမှာလည်း တိုးတက်မှုရ ရမှာပဲ။ ဘယ်ဘက်မှာမဆို တိုးတက်မှုရရမယ်လေ။ တကယ်တော့ ကျမတို့နိုင်ငံရဲ့အကျိုးကိုပူးပေါင်းဆောင်ရွက်မယ်ဆိုလို့ရှိရင် ဒီ မီဒီယာအပါအဝင်ပေ့ါ၊ တိုးတက်မှုတွေရှိရမှာပေ့ါ။"

ဝန်ကြီးဦးအောင်ကြည်ကလည်း စိတ်ဝမ်းကွဲပြားမှုတွေကို ရှင်းနိုင်ဖို့အတွက် ပူးပေါင်းဆောင်ရွက်ရေးကို အဓိကလုပ်ဆောင်သွားမယ်လို့ပြောကြားခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ မကြာသေးခင်ကပဲ အစိုးရသစ်အဖွဲ့ကိုရော၊ လက်ရှိလက်နက်ကိုင်တိုက်ပွဲဝင်နေကြတဲ့တိုင်း

စာမျက်နှာ ၂ သို့

ရောဝတီမြစ်ဆုံရေကာတာ ကိစ္စ စိုးရိမ်ကြောင်း ဒေါ်အောင်ဆန်းစုကြည် ပြော — စာမျက်နှာ ၃

၈၈၈၈ လူထုအုံကြွမှုနဲ့ လက်ရှိ မြန်မာ့နိုင်ငံရေး အခြေအနေသုံးသပ်ချက် — စာမျက်နှာ ၅

ပြည်တွင်းငြိမ်းချမ်းရေး အဖြေရှာဖို့ လွှတ်တော် ကိုယ်စားလှယ်တွေတိုက်တွန်း — စာမျက်နှာ ၁၂

ရွှမ်းစစ်ပြေးဒုက္ခသည် များ အကူအညီအပံ့ တပြင်းလိုအပ်နေ — စာမျက်နှာ ၁၅

တိုင်းပြည် ငွေကြေးလည် ပတ်မှုမှာ မထုတ်ပြန်သင့် သောအရာဟု ဝန်ကြီးပြော — စာမျက်နှာ ၁၉

# မြန်မာနိုင်ငံဆိုင်ရာ ဂျပန်ကိုယ်စားလှယ် ထားရေး ဂျပန်ရှိ မြန်မာတွေက တိုက်တွန်း

**DVB ။ ဩဂုတ် ၉ ။** ။ ဂျပန်နိုင်ငံက မြန်မာ့ဒီမိုကရေစီအင်အားစုတွေက ဂျပန်နိုင်ငံခြားရေးဌာန တာဝန်ရှိသူတွေကို ဒီနေ့တွေ့ဆုံပြီး ဂျပန်အစိုးရက မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်တဦး ခန့်အပ်ထားရှိရေး အပါအဝင် မြန်မာပြည်ဒီမိုကရေစီရေးအားပေးတဲ့ အစီအစဉ်ကိုစ္စကို မြှင့်တင်ဖို့တိုက်တွန်းခဲ့ကြပါတယ်။

ဂျပန်နိုင်ငံခြားရေးဌာနက အရှေ့တောင်အာရှနဲ့ အနောက်တောင်အာရှဌာန ညွှန်ကြားရေးမှူးချုပ်ကို ဒီကနေ့မြန်မာ့ဒီမိုကရေစီအင်အားစုတွေ သွားရောက်တွေ့ဆုံတိုက်တွန်းခဲ့တာဖြစ်ပါတယ်။

ဒီဆွေးနွေးပွဲမှာ မြန်မာပြည်ဖြစ်ပျက်မှုတွေမှာ ဂျပန်အစိုးရက ပါဝင်ဆောင်ရွက်နိုင်တဲ့ အစီအစဉ်ကိစ္စတွေကို ပြောဆိုခဲ့တာဖြစ်ပြီး နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးကိစ္စ ရှမ်း၊ ကချင်၊ ကရင်ဒေသ နယ်စပ်တွေမှာ တိုက်ပွဲတွေရပ်အောင် ဆောင်ရွက်ပေးနိုင်မှုအခြေအနေ ဒေါ်အောင်ဆန်းစုကြည်နဲ့အစိုးရအကြားမှာ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအတွက် ဆွေးနွေးမှုတွေ ပိုမိုအောင်မြင်လာအောင် ကူညီပေးနိုင်မယ့် အနေအထားတွေ ရှာဖွေပေးနိုင်ဖို့အတွက် သွားရောက်ဆွေးနွေးတာလို့ ဆွေးနွေးပွဲမှာပါဝင်သူ မြန်မာ့ဒီမိုကရေစီကွန်ရက် ပြောခွင့်ရသူ ကိုကျော်ကျော်စိုးကပြောပါတယ်။

"မြန်မာပြည်ဆိုင်ရာ ဂျပန်အထူးကိုယ်စားလှယ်တယောက် ခန့်အပ်ပြီးတော့ ဂျပန်အစိုးရအနေနဲ့ထိထိရောက်ရောက်နဲ့ ပါဝင်ဆောင်ရွက်လာနိုင်လောက်အောင် ကျနော်တို့အကြံပေးခဲ့ပါတယ်။ ဒီအကြံကို လည်းသူတို့သဘောကျတယ်။ ဒါကို သူတို့အကောင်အထည်ဖော်ဖို့ ကြိုးစားနေတယ်။"

ဂျပန်အစိုးရက မြန်မာကိုပေးနေတဲ့ အကူအညီတွေကို တကယ်လိုအပ်ချက်တွေအတွက် စိစစ်ပေးဖို့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို အထောက်အကူဖြစ်စေမယ့် အကူအညီတွေဖြစ်ဖို့ တင်ပြခဲ့သလို နိုင်ငံရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေး၊ နိုင်ငံတကာဥပဒေနဲ့ လူ့အခွင့်အရေးကိစ္စတွေမှာ မြန်မာလူငယ်တွေ ပိုမိုစိတ်ဝင်စားလာတာကိုတွေ့ရှိလို့ဟောပြောပို့ချမှုသင်တန်းတွေ လိုအပ်မှုစတာတွေတင်ပြခဲ့ပြီးညွှန်ကြားရေးမှူးချုပ်ကလည်း လိုလိုလားလားရှိတယ်လို့ ကိုကျော်ကျော်စိုးကပြောပါတယ်။

ဒီဆွေးနွေးပွဲမှာ မြန်မာအရေးတက်ကြွလှုပ်ရှားသူတွေနဲ့အတူ ဂျပန်အလုပ်သမားသမဂ္ဂက တာဝန်ရှိသူတချို့လည်း လိုက်ပါခဲ့တယ်လို့ဆိုပါတယ်။ အဲဒီဂျပန် အရှေ့တောင်အာရှနဲ့ အနောက်တောင်အာရှ ညွှန်ကြားရေးမှူးချုပ်ဟာ မကြာသေးခင်လပိုင်းက ဂျပန်လွှတ်တော်ဆိုင်ရာနိုင်ငံခြားရေးဝန်ကြီးရဲ့မြန်မာပြည်ခရီးစဉ်မှာလိုက်ပါသွားခဲ့ဖူးပြီးအစိုးရနိုင်ငံခြားရေးဝန်ကြီးနဲ့ရော ဒေါ်အောင်ဆန်းစုကြည်နဲ့ပါတွေ့ဆုံရာမှာ ပါဝင်ခဲ့သူဖြစ်ပါတယ်။

# ပညာရေးအတွက် အဖွဲ့ချုပ်လှူဒါန်း

**RFA ။ ဩဂုတ်လ ၁၀ ။** ။ လယ်ယာမြေတွေ အဝမ္ဗသိမ်းယူခံရတဲ့အတွက် လယ်မဲ့ယာမဲ့ဘဝ ရောက်သွားတဲ့ ရန်ကုန်တိုင်း တောင်ဒဂုံမြို့နယ်ကျေးရွာတချို့က တောင်သူ လယ်သမားမိသားစုဝင် ကျောင်းသားကျောင်းသူတွေ အတွက် NLD က သင်ကြား မှုအထောက်အကူပစ္စည်းတွေ ဒီနေ့ မနက်က ပေးအပ်လှူဒါန်းပါ တယ်။

တာမွေမြို့နယ်၊ တာမွေအဝိုင်းမှာရှိတဲ့ ရန်ကုန်တိုင်း NLD ရုံးမှာ ကျောင်းသားကျောင်းသူ ၂၁၃ ဦးအတွက် အခမ်းအနားနဲ့ ပေးအပ်တာလို့ ပြန်ကြားရေး တာဝန်ခံဦးအုန်းကြိုင်က ပြောပါတယ်။

"အခမ်းအနားမှာ သဘာပတိဖြစ်တဲ့ ဦးတင်ဦးက အထွေထွေ အတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်ရဲ့ဆန္ဒအရ အခုလို ထောက်ပံ့တာဖြစ်တဲ့အကြောင်း၊ လူမှုအထောက်အကူပြု လုပ်ငန်းတွေကို အဖွဲ့ချုပ်က ဘယ်လိုရည်ရွယ်ချက်တွေနဲ့ဆောင်ရွက်နေတယ်ဆိုတဲ့ အကြောင်း၊ အကျယ်တဝင့်ရှင်းလင်းပြောပြပြီးတော့ နိုင်ငံတော်ရဲ့အနာဂတ်အတွက် ရည်မှန်းပြီးတော့ ကလေးတွေကို ပညာရေးအထောက်အကူပြုပစ္စည်းတွေကို ထောက်ပံ့ရတဲ့အတွက်ကြောင့် အလွန်မွန်မြတ်တဲ့ လုပ်ငန်းတခုကို ဆောင်ရွက်လိုက်တာဖြစ်တဲ့အကြောင်း ပြောပြီးတော့ ကျောင်းသူကျောင်းသားလေးတွေကိုဗလာစာအုပ်တဒါဇင်၊ ဘောပင်ကွန်ပါဘူးစတဲ့ ပညာသင်ကြားရေးအထောက်အကူပစ္စည်းတွေကိုပေးပါတယ်။"

အခမ်းအနားမှာ ဦးအုန်းကြိုင်၊ ရန်ကုန်တိုင်း စည်းရုံးရေးတာဝန်ခံဦးစောနိုင်းနိုင်းနဲ့ ဗဟို ဦးစီးအဖွဲ့ဝင် ဦးကြည်ဝင်းတို့က တာဝန်ခံဖြန့်ဝေပေးမယ့် ကျောင်းသား မိဘတွေကို ပညာရေးအထောက်အကူပြုပစ္စည်းတွေကို အုပ်စုလိုက် ခွဲဝေပေးတယ်လို့ ပြောပါတယ်။

အခမ်းအနားကို မူလတန်းကျောင်းသားတွေ မတက်ရောက်ကြဘဲ ကျောင်းဖွင့်ရက်လည်းဖြစ်နေတဲ့အတွက် အလယ်တန်းကျောင်းသား ၁၅ ယောက်လောက် တက်ရောက်တာပဲရှိပြီး ကျောင်းသားမိဘတွေက ကျောင်းသားတွေကိုယ်စား တက်ရောက်ကြပါတယ်။ ကျောင်းသားအယောက် ၃၀ အတွက်ကိုယ်စားလှယ်အဖြစ် မိဘတဦးစီ တက်ရောက်ကြတယ်လို့ ပြောပါတယ်။

**မျက်နှာဖုံးမှ**

ရင်းသားအဖွဲ့တွေကိုပါ အိတ်ဖွင့်ပေးစာပေးပို့ပြီး ငြိမ်းချမ်းရေးအတွက် ကမ်းလှမ်းခဲ့ပါတယ်။ အခုလို တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေကအစ မြန်မာနိုင်ငံမှာ လက်ရှိကြုံနေရတဲ့ကိစ္စအဝဝအတွက် ပူးပေါင်းဆောင်ရွက်မှုမရှိတာဟာ အဓိကပြဿနာဖြစ်နေပြီး ဒါကိုဖြေရှင်းနိုင်ဖို့ဆိုရင် ပြေလည်မှုတွေရလာမယ်လို့ ဦးအောင်ကြည်က ပြောပါတယ်။

"ပူးပေါင်းဆောင်ရွက်မှုဆိုတာက တကယ့် ကျနော်တို့နိုင်ငံအတွက်လိုအပ်တဲ့ main problem (အဓိကပြဿနာ) တခုပါ။ ဒါကြီးကို ကျနော်တို့ဖြေရှင်းနေကြတာဖြစ်ပါတယ်။ ဒီကိစ္စပြေလည်သွားပြီ ဆိုတဲ့အချိန်ကျလို့ရှိရင် ကျန်တဲ့ကိစ္စတွေအားလုံးဟာ ဒီ main problem ကြီးရဲ့ အကျိုးဆက်တရားများ၊ အဲဒါတွေဖြစ်လာမှာဖြစ်တဲ့အတွက်အလွယ်တကူ ဖြေရှင်းသွားနိုင်မယ့်အနေအထားပဲဖြစ်ပါတယ်။"

အရင်စစ်အစိုးရလက်ထက်မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ဝန်ကြီးဦးအောင်ကြည်တို့ (၉) ကြိမ်တိုင်တိုင် တွေ့ဆုံခဲ့ပေမဲ့ ထူးခြားမှုသိသိသာသာ မတွေ့ခဲ့ရဘူးလို့ ပြည်တွင်းပြည်ပ လေ့လာစောင့်ကြည့်သူတွေက သုံးသပ်ကြပါတယ်။ အခု အစိုးရသစ်လက်ထက် ဒုတိယအကြိမ်တွေ့ဆုံအပြီးမှာတော့ ပဋိပက္ခဖြစ်နိုင်ချေတွေကိုရှောင်ရှားပြီးဒီမိုကရေစီရေးအတွက် ပူးပေါင်းလက်တွဲဆောင်ရွက်သွားမယ်လို့ ပြောဆိုခဲ့တဲ့အပြင်တွေ့ဆုံဆွေးနွေးမှုတွေ ဆက်ပြီးလုပ်ဖို့ရှိတယ်လို့ပါ ပြောနိုင်ခဲ့ပါတယ်။

# ဧရာဝတီမြစ်ဆုံရေကာတာကိစ္စ စိုးရိမ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ပြောကြား

**MIZZIMA । ဩဂုတ်လ ၁၁ ။** ။လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က အငြင်းပွားဖွယ်ရာဧရာဝတီမြစ် ညာဘက်တွင် တည်ဆောက်နေသော ရေကာတာများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် အခြားဆိုးကျိုးများနှင့်ပတ်သက်ပြီး စိုးရိမ်ကြောင်း ပထမဆုံးအကြိမ် ထုတ်ဖော်ပြောဆိုလိုက်သည်။

ဆည်စီမံကိန်းများကြောင့် လျှပ်စစ်စွမ်းအင် ထုတ်လုပ်နိုင်မည်ဖြစ်သော်လည်း မြစ်ကြောင်းပြတ်တောက်ခြင်း၊ ရေတိုက်စားမှုနှုန်းမြင့်မားခြင်း၊ ရေစီးအားနည်းခြင်း၊ စီမံကိန်းဆောက်လုပ်ရာမှ ကျန်ရှိနိုင်သည့် ဓာတုဓာတ်ပစ္စည်းများ ပိုမိုစုစည်းကာ ဆည်လွှတ်ရေတွင် ပါဝင်နိုင်ခြင်းတို့ကြောင့် စိုးရိမ်စရာဖြစ်ခဲ့ကြောင်း "ဧရာဝတီအတွက် ပန်ကြားချက်" အမည်ဖြင့် ကြာသပတေးနေ့က ကြေညာချက်ထုတ်ပြန်လိုက်သည်။

"စနစ်ကျသော စီမံကိန်းများ ကင်းမဲ့မှု၊ ထိန်းသိမ်းမှုဆိုင်ရာ ဥပဒေများကို လိုက်နာရန် ပျက်ကွက်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာနှင့်ဗဟုသုတ အားနည်းခြင်းတို့သည် ပြဿနာပေါင်းစုံကို ဖြစ်ပေါ်စေခဲ့ပါသည်"ဟုလည်း ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်လက်မှတ်ထိုးထားသည့် ပန်ကြားလွှာတွင် ဖော်ပြထားသည်။

မြစ်ဆုံရေကာတာ စီမံကိန်းအစပျိုးစဉ်ကပင် မြန်မာအစိုးရအဆက်ဆက်က မိမိတို့၏အကျိုးစီးပွားကို ကာကွယ်မြှင့်တင်ရန်ပျက်ကွက်ခဲ့သည်ဟု ကချင်အမျိုးသားတို့၏ ခံယူချက်များ ပိုမိုနက်ရှိုင်းလာခဲ့သည် ဟုလည်း ဒေါ်အောင်ဆန်းစုကြည်က သတိပေးထားသည်။

ဧရာဝတီ၊ မေခ၊ မလိခမြစ်ကြောင်း တလျှောက်ရှိ မြစ်ဆုံ၊ ချီဖွေ၊ ချီဖွေငယ်၊ ခေါင်လံဖူး၊ ပရီး၊ ဖီဇော၊ လဇာ၊ လကင် ဒေသများတွင်ရေကာတာ ၈ ခု တည်ဆောက်မည်ဖြစ်ကာ အများဆုံး ၆,၀၀၀ မဂ္ဂါဝပ်မှ အနည်းဆုံး ၁,၄၀၀ မဂ္ဂါဝပ် စုစုပေါင်း ၁၃,၃၆၀ မဂ္ဂါဝပ် ထုတ်လုပ်မည်ဟု ဌာနဆိုင်ရာ ထုတ်ပြန်ချက်တွင်ပါရှိသည်။

ရေအားလျှပ်စစ် မီဂါဝပ် ၃,၆၀၀ ထုတ်လွှတ်ပေးနိုင်မည့် "မြစ်ဆုံရေကာတာ စီမံကိန်း" အရ မေခမြစ်အပိုင်းတွင် တာ ၅ ခု၊မလိခမြစ် မှ ၂ ခု ပိတ်ရမည်ဖြစ်သည်ဟု ပတ်ဝန်းကျင်စောင့်ရှောက်ရေးလှုပ်ရှားသူများက ပြောသည်။ပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင်များ၊ တက်ကြွလှုပ်ရှားသူများ၊ ဆည်ကြောင့် အကျိုးယုတ်ရမည့်ဒေသခံများ ဝိုင်းဝန်းကန့်ကွက်နေသည့်ကြားမှပင် စီမံကိန်းကို ၂၀၀၇ ခုနှစ်မှစ၍ အေးရှား ဝေါလ်ကုမ္ပဏီနှင့်တရုတ်နိုင်ငံ လျှပ်စစ်ဓာတ်အား ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း CPI တို့ကတာဝန်ယူဆောက်လုပ်နေခြင်းဖြစ်သည်။

ယင်းအပြင် စီမံကိန်းကြောင့် ရွှေ့ပြောင်းပေးခဲ့ရသည့် ရွာ ၆၃ ရွာနှင့် လူပေါင်း ၁၂,၀၀၀ ကျော်အတွက်လည်းပြန်လည် နေရာချထားပေးရန် လိုအပ်နေသည်။

"မေခမလိခမြစ်နှင့်ဧရာဝတီမြစ်ဆုံ၌ ရေကာတာများ ဆောက်လုပ်ရန် ရှေ့တိုးဆောက်ရွက်နေခြင်းဟာ လူနည်းစု တိုင်းရင်းသားလူမျိုးများ၏အမြင်ကို လျစ်လျူရှုပစ်ပယ်ထားသည့် နောက်ဆုံးသာဓကတခုဖြစ်တယ်" ဟု ကချင်လွတ်မြောက်ရေးအဖွဲ့ KIOထိန်းချုပ် ဒေသများ အုပ်ချုပ်ရေးမှူးလမာဂွမ်ဖန်း (Lama Gumhpan) က မဇ္ဈိမနှင့် တွေ့ဆုံ မေးမြန်းခန်းတခုတွင် ဖြေကြားခဲ့သည်။

မြစ်ဆုံဆည်ကြောင့် ပြည်တွင်းစစ်အထိ ဦးတည်သွားနိုင်သဖြင့် စီမံကိန်းကို ရပ်ဆိုင်းထားပါရန်နှင့် စစ်ဖြစ်ပါက မိမိတို့တွင် အပြစ်မရှိကြောင်းလည်း မြန်မာအစိုးရကို အကြောင်းကြားထားပြီး ဖြစ်ကြောင်း KIO ဥက္ကဋ္ဌ လရော်ဇောင်းဟရား လက်မှတ်ထိုးကာ တရုတ်သမ္မတ ဟူကျင်းတောင်ထံ အိမ်ဖွင့်ပေးစာတစောင်ကို ၂၀၁၁ ခုနှစ် မတ်လ ၁၆ ရက်နေ့က ပေးပို့ခဲ့သေးသည်။

မြစ်ဆုံဆည် စီမံကိန်းနေရာ၌ ၂၀၁၀ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် အနည်းဆုံး ဗုံး ၁၀ လုံး သီးခြားစီပေါက်ကွဲခဲ့သည်။ ဗုံးပေါက်ကွဲမှုများကြောင့် အနည်းဆုံး တရုတ်အလုပ်သမားတဦး သေဆုံးခဲ့ကာ ယာယီ အဆောက်အအုံအချို့လည်း ပျက်စီးခဲ့သည်။

အစိုးရဘက်က တာပိန်ရေအားလျှပ်စစ် စီမံကိန်းအနီးရှိ KIA ယာယီစခန်းကို ဇွန်လ ၁၁ ရက် နောက်ဆုံးထား ဖယ်ရှားခိုင်းရာက ဇွန် ၁၀ ရက်နေ့တွင် အစိုးရတပ်များနှင့် ကချင်တပ်များ တိုက်ခိုက်စတင်ဖြစ်ခဲ့ကြရာ ယခုထိ ပြေလည်မှုမရသေးပေ။

မြန်မာ-တရုတ် အစိုးရများအနေဖြင့် နှစ်နိုင်ငံအကျိုး မျှော်မြင်၍ အသက်အိုးအိမ်များကို အန္တရာယ်ပြုနိုင်မည့်နောက်ဆက်တွဲ ပြဿနာများကို ရှောင်ရှားလိုကြမည်ဟု ယုံကြည်ကြောင်းနှင့် အမျိုးသားရေးနှင့် နိုင်ငံတကာ သဟဇာတဖြစ်ရေးကို ရှေ့ရှုလျက် သက်ဆိုင်သူအားလုံးက စီမံကိန်းအား ပြန်လည်သုံးသပ်၍ မလိုအပ်သော အကျိုးဆက်များကို ရှောင်ရှားရန် ဒေါ်အောင်ဆန်းစုကြည်က ဆက်လက်တိုက်တွန်းထားသည်။ စီမံကိန်းအတွက် တံတားများတည်ဆောက်ရာ၌ ရေတိုက်စားခြင်းနှင့် သောင်ထွန်းခြင်း ပြဿနာများကို ထည့်သွင်းမစဉ်းစားခဲ့သည့်အတွက် ရေတိုက်စားခြင်းနှင့် သောင်ထွန်းမှုများ ဖြစ်ပေါ်နေကြောင်း၊ နွေရာသီတွင် သွားလာရေးခက်ခဲမှုနှင့် သောက်သုံးရေ ခပ်ရန်ခက်ခဲမှုများဖြစ်နေခြင်းမှာ ဆယ်စုနှစ်များပင်ရှိခဲ့ပါပြီဟုလည်း မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ထုတ်ဝေသည့် ထုတ်ပြန်ချက်တွင် ပါရှိသည်။

ဆည်စီမံကိန်းများ အောက်ဖက်ပိုင်း ဧရာဝတီမြစ်ကြောင်းတလျှောက်နေသူ "ပြည်သူတွေအတွက် ရေကြောင်းပြောင်းလဲမှုကြောင့် ထိခိုက်နစ်နာရဖွယ် ရှိနေတယ်"ဟု မြန်မာနိုင်ငံ မြစ်ကြောင်းများဆိုင်ရာကွန်ယက်အဖွဲ့ Burma Rivers Network ခေါင်းဆောင်တဦးဖြစ်သူ စိုင်းစိုင်းက မဇ္ဈိမနှင့် တွေ့ဆုံ မေးမြန်းခန်းတခုတွင် ဖြေကြားခဲ့သည်။

မြစ်ဝှမ်းဒေသများတွင် ဆယ်စုနှစ်အတွင်း စက်ရုံ၊ အလုပ်ရုံများတိုးပွားလာခြင်းနှင့်ရွှေတူးဖော်ခြင်းများကြောင့် ဧရာဝတီလင်းပိုင် အပါအဝင်ရှားပါးငါးမျိုးများရှင်သန်မှုကို ထိခိုက်ရကာ မြစ်ကိုမှီခိုနေသူများအတွက်သောက်သုံးရေနှင့်အစားအစာအတွက်မှာ လုံခြုံကြောင်းမဲ့နေသည်။

ပို၍ အရေးကြီးသည့်ပြဿနာမှာ မြစ်ရေစီးအား နည်းပါးခြင်းကြောင့် မြစ်အောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသများ၌ ပင်လယ်ဆားငန်ရေဝင်ရောက်မှု ပိုမိုကျယ်ပြန့်လာခြင်းကြောင့် ဆန်စပါးထုတ်လုပ်မှုထိခိုက်ကာ ဆန်အဓိကစားသုံးနေသည့် ပြည်သူတရပ်လုံးကို ထိခိုက်လာကြောင်းနှင့် ဆန်တင်ပို့မှုမရရှိသည့် နိုင်ငံခြားဝင်ငွေထိခိုက်ကျဆင်းမှုကိုလည်း ဒေါ်စုက သတိပေးထားသည်။ ဧရာဝတီမြစ်နှင့်ဆက်စပ်ဖြစ်ပေါ်နေသည့် သဘာဝပတ်ဝန်းကျင်၊ စီးပွားရေး၊ အတတ်ပညာနှင့် နိုင်ငံရေးဆိုင်ရာပြဿနာအလုံးစုံကိုလည်း အားလုံးပူးပေါင်းခြင်းဖြင့်သာဖြေရှင်းနိုင်မည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

# ငြိမ်းချမ်းရေး ရွေးရှုဖို့ ရှစ်လေးလုံးအထိမ်းအမှတ်နေ့ ဒေါ်အောင်ဆန်းစုကြည်ပြော

**VOA ၊ ဩဂုတ်လ ၈ ။ ။** ဒီနေ့ ရန်ကုန်မှာရှိတဲ့ ဒီမိုကရေစီ လိုလားသူတွေ ကစုပေါင်းကျင်းပတဲ့ ဝါဆိုသင်္ကန်းကပ်လှူပွဲကိုမြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တက်ရောက်ခဲ့ပါတယ်။ ၂၃ နှစ်မြောက် ရှစ်လေးလုံး နှစ်ပတ်လည် အခမ်းအနားဟာ ငြိမ်းချမ်းရေးကို ရွေးရှုတဲ့၊ အပြုသဘောဆောင်တဲ့ အခမ်းအနားမျိုး ဖြစ်ဖို့လည်း ဒေါ်အောင်ဆန်းစုကြည်ကပြောကြားခဲ့ပါတယ်။အပြည့်အစုံကို ဒေါ်ခင်မျိုး သက်က တင်ပြပေးထားပါတယ်။

ရှစ်လေးလုံးအထိမ်းအမှတ်နေ့ကို ကြည့်မြင်တိုင် နတ်စင်လမ်းမှာရှိတဲ့ သာဓုပရိယတ္တိစာသင်တိုက်မှာကျင်းပပြုလုပ်ခဲ့တာဖြစ်ပါတယ်၊ ဒီအခမ်းအနားကို ၁၉၈၈ အရေးအခင်းမှာ ပါဝင်ခဲ့တဲ့ ကျောင်းသားတွေထဲက အကျဉ်းကျခံမနေရဘဲ အပြင်မှာ ကျန်နေတဲ့ကျောင်းသားတွေ အပြင် ဒီမိုကရေစီရေးလှုပ်ရှားသူတွေ ဦးစီးပြီး မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့ သလိုငြိမ်း ချမ်းရေးကို ရွေးရှုတဲ့ အခမ်းအနားဖြစ်အောင်ကြိုးစားပြီး ကျင်းပနိုင်ခဲ့တယ်လို့ အခမ်းအနား ဖြစ်မြောက်ရေး တာဝန်ခံတဦးဖြစ်တဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမျိုးရန်နောင်သိန်းက ပြောပါတယ်။

"ကျနော်တို့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကလည်းမှာကြားထားတာရှိတယ်၊ ဒီ ရှစ်လေးလုံး ၂၃ နှစ်မြောက် အောက်မေ့ဘွယ်နှစ်ပတ်လည်အခမ်းအနားကို ငြိမ်းချမ်းရေးကို ရွေးရှုတဲ့၊ အပြုသဘောဆောင်တဲ့ ပုံစံနဲ့သွားပါဆိုပြီး ဒေါ်အောင်ဆန်းစုကြည် ပြောကြားတဲ့ ပုံစံနဲ့ပဲ သွားခဲ့တယ်။ တကယ်တမ်းကျတော့ ၈ ရက် ၈ လ ၈၈ နေ့ဆိုတာက တနိုင်ငံလုံးနဲ့သက်ဆိုင်တဲ့နေ့ပါ။ တနိုင်ငံလုံးကို သက်ရောက်မှုရှိတဲ့နေ့ပါ။ အဲဒီနေ့ကို တည်ဆဲအစိုးရ အနေနဲ့လည်းအပြု သဘောဆောင်တဲ့ ပုံစံမျိုးနဲ့ စုပေါင်းပြီး လုပ်မယ်ဆိုရင်တော့ အားလုံးအတွက်ကောင်းမွန်သွားပါလိမ့်မယ်။ အဲဒီလိုမျိုး လုပ်လာလိမ့်မယ်လို့လည်း ကျနော်က မျှော်လင့်ပါတယ်။"

အခုလို ၂၃ ကြိမ်မြောက် နှစ်ပတ်လည် အခမ်းအနားကိုငြိမ်းငြိမ်းချမ်းချမ်းကျင်းပပေးဖို့ အကျဉ်းထောင်တွေထဲမှာ အခုထိ နေနေရတဲ့ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်တွေဖြစ်တဲ့ ကိုမင်းကိုနိုင်၊ ကိုကိုကြီး အပါအဝင် ကျောင်းသားခေါင်းဆောင်တွေက မှာကြားခဲ့တယ်လို့လည်း ပြောပါတယ်။

ဒီအခမ်းအနားကို လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်လာသလို ၂၀၁၀ ရွေးကောက်ပွဲဝင် ပါတီက ပုဂ္ဂိုလ်တွေ၊ အနုပညာရှင်တွေ၊ မျိုးဆက်သစ်လူငယ်တွေ၊ အကျဉ်းသားမိသားစုဝင်တွေနဲ့ ၈၈ အရေးအခင်းကာလမှာ လှုပ်ရှားခဲ့သူထောင်နဲ့ချီပြီးတက်တာတွေ့ရတယ်လို့ အခမ်းအနားကိုတက်ခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့လုံခြုံရေးတာဝန်ခံ ဦးဝင်းထိန်ကပြောပါ တယ်။

"ဒီမှာ ဒေါ်အောင်ဆန်းစုကြည် အခမ်းအနား လာတက်တယ်။ နောက် NLD က ခေါင်းဆောင်တွေဖြစ်တဲ့ ဦးတင်ဦး၊ အတွင်းရေးမှူး ဦးဝင်းတင်တို့ အပြင်ကို တခြားပါတီက ပုဂ္ဂိုလ်တွေလည်း ပါတယ်။ အသက်အရွယ် မျိုးစုံက လူတွေက ဒီအခမ်းအနားကို တလေးတစားနဲ့ အထူးဂုဏ်ပြုပြီးတက်ရောက်ကြတယ်လို့သဘောပေါက်ပါတယ်။စည်းလုံးလုံးပဲ ပါတီက လူတွေရော၊ ပါတီမဟုတ်ဘဲနဲ့ လူတွေရော ဒီနေ့ အမှတ်တရပြောရမယ်ဆိုရင်တော့ ကြက်ပျံမကျ စည်ကားတယ်ပေါ့။ လူတွေ ထောင်နဲ့ချီပြီး တက်ရောက်ကြတယ်။"

အခမ်းအနားမှာ ၈၈ မျိုးဆက်ကျောင်းသား ကိုတိုးကျော်လှိုင်က ဒီမိုကရေစီလူထုလှုပ်ရှားမှုမှာ အသက်ပေးသွားသူတွေကို ရည်စူးပြီး တမိနစ် ငြိမ်သက်ခြင်းအစီအစဉ်ကို ဦးဆောင် ပြုလုပ်ခဲ့ပါတယ်။ သာဓုပရိယတ္တိစာသင်တိုက်ရဲ့ ဆရာတော်ဦးအဂ္ဂသက အတွေးရဲကြဖို့၊ ခြောက်တိုင်းမကြောက် မြောက်တိုင်းမမြောက်တဲ့ စိတ်ထားနဲ့ ငြိမ်းချမ်းရေးလုပ်နိုင်ကြောင်း တရားကို ဟောကြားခဲ့တယ်လို့ ပြောပါတယ်။

"ဆရာတော်ကြီးက အတွေးရဲဖို့ တွေးတတ်ရမယ်၊ တွေးတဲ့အခါမှာလည်း ပေါက်မြောက်အောင်တွေးရမယ်၊ ပေါက်မြောက်အောင်တွေးတဲ့အခါမှာ ပြောတာကိုယုံပြီး ခြောက်ရင်လည်း မကြောက်ဘူးပေါ့ဗျာ။ ကိုယ့်ကြောင့် ကိုယ့်လွတ်လပ်တဲ့ အမြင်မျိုးရှိတယ်ဆိုတဲ့ပုံစံမျိုး။ ဒါကိုလည်း ကျနော်တို့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က နှစ်ခြိုက်ပါတယ်ဆိုတဲ့အကြောင်းကျနော်တို့ကိုလည်းပဲပြောပြပါတယ်။ ဆရာတော်ကြီးကိုလည်း ပြောပြပါတယ်။

"တရားကကောင်းပါတယ်တဲ့၊ ဟိုဘက်ရော ဒီဘက်ရောမျှပြီး ဟောပါတယ်။ ကျနော်တို့လူငယ်တွေကိုလည်း အတွေးရဲဖို့ပေါ့။ အတွေးရဲတဲ့အခါမှာကြောက်လည်းမကြောက်ဘူးဆိုတဲ့အကြောင်း တရားလေးဟောသွားပါတယ်။ တရားလေးကအတော့်ကိုထိမိပါတယ်။"

၂၃ ကြိမ်မြောက် ၈၈ နှစ်ပတ်လည် အခမ်းအနားမှတ်တမ်းစာအုပ်ထဲမှာတော့ ဒေါ်အောင်ဆန်းစုကြည်က ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကို ဘယ်သူမှ မမေ့မသွားစေချင်ဘူးလို့ မှတ်တမ်းရေးသား ခဲ့ပါတယ်။ ဒီအခမ်းအနားကို ရန်ကုန်မှာရှိတဲ့ ဗြိတိန် အပါအဝင် နိုင်ငံခြားသံရုံးက ပုဂ္ဂိုလ်တွေပါ တက်ရောက်ခဲ့ကြပါတယ်။

အခုလို ပရိသတ်အများအပြား တက်ရောက်ခဲ့တဲ့ ရှစ်လေးလုံးနှစ်ပတ်လည် အခမ်းအနားကို ၂၃ နှစ်အတွင်း ပထမဆုံးအကြိမ်ကျင်းပနိုင်ခဲ့တာဖြစ်ပြီး အာဏာပိုင်တွေဘက်က တားဆီးနှောင့်ယှက်မှုမျိုးတော့ မတွေ့ရဘူးလို့ ဦးဝင်းထိန်က ပြောပါတယ်။

"ကျနော်တို့ သတိထားမိတာကတော့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေက ဓာတ်ပုံရိုက်တာတို့၊ ကားနံပါတ်မှတ်တာတို့၊ မလှမ်းမကမ်းမှာအဓိက ရက်ကွက်နိမ်နင်းရေးကား တစီး နှစ်စီးလောက် ရောက်လာတယ်။ အဲဒါတွေတော့ သတိထားမိပါတယ်။ သို့သော်လည်း အခမ်းအနားလာတဲ့ပုဂ္ဂိုလ်တွေကအေးအေးဆေးဆေးနဲ့ အခမ်းအနားတက်တဲ့အနေအထားပါ။

"ဒီအခမ်းအနားနဲ့ ပတ်သက်လို့ အခမ်းအနား ကာလမှာလည်း လုံခြုံရေး ဘယ်လိုလုပ်မယ်၊ နောက်တခုက ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ရင် ထုံးစံအတိုင်း လူတွေက ဝိုင်းအုံတဲ့ အတွက်ကြောင့်မို့ ဘယ်လိုလုပ်မယ် ဆိုတဲ့ဟာက မနေ့ကတည်းက ဆွေးနွေးပြီးသားပါ။ ဒီနေ့မနက်မှာလည်း ကျောင်းသားခေါင်းဆောင်ဟောင်းတွေ အပြင် ကျနော်တို့ NLD က လူငယ်တွေနဲ့ ပေါင်းပြီးတော့ လုံခြုံရေးလုပ်တဲ့အတွက်ကြောင့် အေးအေးဆေးဆေး၊ အနှောင့်အယှက်ကင်းကင်းနဲ့ ပြီးသွားတာပါ။" ဦးဝင်းထိန် ပြောပြသွားတာ ဖြစ်ပါတယ်။

# ၈၈၈၈ လူထုအုံကြွမှုနဲ့ လက်ရှိ မြန်မာ့နိုင်ငံရေးအခြေအနေ သုံးသပ်ချက်

**VOA ၊ ဩဂုတ်လ ၇ ။ ။** ရဟန်းရှင်လူ ကျောင်းသားပြည်သူအပေါင်း ပါဝင်ဆန္ဒပြပြီး ဒီမိုကရေစီရေးကိုတောင်းဆိုခဲ့ကြတဲ့ ရှစ်လေးလုံးလူထုအုံကြွမှုကြီး မြန်မာနိုင်ငံမှာဖြစ်ခဲ့တာ အခုဆိုရင် ၂၃ နှစ် ရှိခဲ့ပါပြီ။အဲဒီလို တနိုင်ငံလုံးပြည်သူတွေ အုံကြွဆန္ဒပြမှုကြီးဖြစ်ခဲ့ပုံနဲ့ ကိုယ်လိုချင်တာကို ကိုယ်တောင်းမှရမယ်ဆိုတဲ့အသိ အဲဒီအချိန်က ပြည်သူတွေရှိခဲ့ကြသလို လက်ရှိအခြေအနေမှာရော ဘယ်လောက်ရှိကြသလဲ။မြန်မာနိုင်ငံမှာလူထုအုံကြွမှုဖြစ်မှ စစ်မှန်တဲ့အပြောင်းအလဲတွေဖြစ်လာနိုင်မှာလား ဆိုတာတွေကို မစုမြတ်မွန်က သုံးသပ်တင်ပြထားပါတယ်။

လွန်ခဲ့တဲ့ ၂၃ နှစ်က မဆလ တပါတီအစိုးရ အုပ်ချုပ်မှုအောက်မှာ အထွေထွေ ကျပ်တည်းမှု၊ ဖိနှိပ်မှုတွေကို သည်းမခံနိုင်ကြတော့တဲ့ ပြည်သူတွေရဲ့ လမ်းပေါ်ထွက် ဆန္ဒပြမှုကြီး ၈ ရက် ၈ လ ၈၈ ခုနှစ်မှာ စတင်ခဲ့ပါတယ်။ ဒီအုံကြွမှုကြီး တနိုင်ငံလုံးအတိုင်းအတာနဲ့ဖြစ်ဖို့ အဓိကစီစဉ်လှုပ်ရှားခဲ့ကြသူတွေကတော့ ကျောင်းသားတွေပါ။ ရှစ်လေးလုံးကာလမှာ ကျောင်းသားခေါင်းဆောင်တွေအဖြစ်ပေါ်လာကြသူတွေ ထဲက ကိုမိုးသီးဇွန်က ဆန္ဒပြပွဲကြီးဖြစ်ဖို့ သူတို့ဘယ် လိုစီစဉ်ခဲ့တယ်ဆိုတာကို အခုလို ပြောပြပါတယ်။

"၈၈ကြီးမဖြစ်ခင်က ကျောင်းသားလှုပ်ရှားမှုတွေဖြစ်တယ်လေ။ ကျောင်းသားလှုပ်ရှားမှုတွေက ၁၉၈၈ မတ်လ၊ ဇွန်လ ဆက်တိုက်ပေါ့။ ပထမကျနော်တို့ ကျောင်းသားအခွင့်အရေးတောင်းတယ်၊ အဖမ်းခံကျောင်းသားတွေပြန်လွှတ်ဖို့၊ သမဂ္ဂဖွဲ့ဖို့။ အဲဒီကနေပြီး မဆလပေါ့ အဲဒီတုန်းက၊ ဒီတောင်းဆိုချက်တွေ မလိုက်လျောတဲ့အခါ အခြေအနေက ဘယ်လောက်အထိ ဖြစ်သွားလဲဆိုတော့ လူထုအုံကြွမှုအထိကို ဦးတည်သွားတယ်။"

"ကျောင်းတွေကို မဆလက ပိတ်လိုက်တယ်၊ ပိတ်လိုက်တော့ ကျောင်းသားတွေ အသီးသီးနယ်ကို ပြန်သွားကြတယ်။ ပြန်သွားကြတဲ့အခါ ကျနော်တို့ကျောင်းသားတွေက မက်ဆေ့ချ် (Message)တွေ ပေးလိုက်တယ်၊ သူတို့ကို။ ၈ရက်၈လ၈၈နေ့မှာ အထွေထွေလူထုအုံကြွမှုကြီးကို တို့တွေလုပ်ကြမယ်၊ အဲတော့ကိုယ်ရောက်ရာ နယ်မြေအသီးသီးကနေလှုံ့ဆော်ကြပါဆိုပြီးတော့ မက်ဆေ့ချ်တွေနဲ့လုပ်ငန်း စဉ်တွေပေးလိုက်တဲ့သဘော၊ ဒါကြောင့်မို့ အရမ်းခက်ခဲနေတဲ့ အခြေအနေကြီးမှာ ကျနော်တို့ရဲ့ မက်ဆေ့ချ်ပါသွားတာရယ်၊ နောက်တခုက ကျောင်းသားတွေကို နယ်တွေမှာ၊ ကိုယ့်ရပ် ကိုယ့်ရွာတွေမှာ ပို့ပြီးစည်းရုံးသွားနိုင်တဲ့ အနေအထားတခုကို ကျနော်တို့ကဖန်တီးလိုက်နိုင်တယ် အဲဒီတော့ ၈၈ လူထုအုံကြွမှုကြီးဖြစ်လာတဲ့အကြောင်းရင်းပေါ့။"

တနိုင်ငံလုံးအတိုင်းအတာနဲ့ဖြစ်ခဲ့တဲ့ လူထုအုံကြွမှုကြီးမှာ အဖြူအစိမ်းဝတ် ကျောင်းသားလေးတွေကစလို့ အစိုးရဌာနပေါင်းစုံက ဝန်ထမ်းတွေသာမက တပ်မတော်သားတွေကပါ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ်တခု ပေါ်ပေါက်ဖို့တောင်းဆိုခဲ့ကြတာပါ။ အဲဒီအချိန်က ရန်ကုန်တက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသူ မခင်မိုးအေးလည်း တယောက် အပါအဝင်ဖြစ်ပါတယ်။

"စစဖြစ်တုန်းက ကျမတို့က ကျမတို့ ကျောင်းသား ကျောင်းသူတွေကို မတရားနှိပ်စက်တယ်ဆိုတဲ့ အနေအထားကနေပါလာခဲ့တာ။ အဲဒီအချိန်တုန်းက ကျမစိတ်ထဲမှာ လူငယ်လည်းဖြစ်တော့ ဒီရှစ်လေးလုံးအရေးအခင်း ပြီးသွားခဲ့ရင် ကျမတို့နိုင်ငံဟာ ကမ္ဘာမှာသိက္ခာရှိရှိ ရင်ဘောင်တန်းနိုင်မယ့်၊ လွတ်လပ်ပွင့်လင်းတဲ့ စနစ်နဲ့ အုပ်ချုပ်တဲ့၊ ဒီမိုကရေစီစနစ်နဲ့ အုပ်ချုပ်တဲ့နိုင်ငံတခုဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက်တွေ ကျမတို့ အများကြီးထားခဲ့ပါတယ်။"

ပါတီစုံဒီမိုကရေစီစနစ်ကို ငြိမ်းငြိမ်းချမ်းချမ်းတောင်းဆို ဆန္ဒပြခဲ့ကြတဲ့ပြည်သူတွေကို စစ်တပ်ကပစ်ရင် မိုးပေါ်ထောင်မပစ်ဘူး၊ တည့်တည့်ပစ်တယ်လို့ခြိမ်းခြောက်ခဲ့တဲ့ အဲဒီအချိန်က အာဏာရှင် ဦးနေဝင်းက သူ့စကားအတိုင်း ပစ်ခတ်နှိမ်နင်းခဲ့လို့ ၃,၀၀၀ ကျော်သေဆုံးခဲ့တယ်လို့ မှတ်တမ်းတွေက ဆိုပါတယ်။ တနိုင်ငံလုံးမျှော်လင့်ချက်တွေ အပြည့်နဲ့ တောင်းဆိုဆန္ဒပြပွဲကြီး ပစ်ခတ်နှိမ်နင်းခံခဲ့ရပေမဲ့ ဒီအဖြစ်ဟာ သမိုင်းမှာ ထူးခြားတဲ့ဖြစ်ရပ်တခုအဖြစ် တင်ကျန်ခဲ့ပါတယ်။

"မထင်မှတ်လောက်အောင်ပဲ လူတန်းစား အလွှာစုံ မူလတန်းကလေးတွေကနေ စပြီးတော့ နောက်ဆုံး စစ်တပ်အထိ၊ လေတပ်က လူတွေဆိုရင်လက်နက်ချပြီးဝင်လာတယ်။အစိုးရဝန်ထမ်းတွေကအစ၊ အရမ်းကျယ်ပြန့်တဲ့ အလွှာစုံဝင်လာတယ်။ အဲဒါကြောင့် ကျမက ဒီရှစ်လေးလုံးအရေးအခင်းကြီးက လူထုက ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရခဲ့ကြတဲ့၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခဲ့တဲ့ သမိုင်းမှတ်တိုင်တခုဖြစ်တယ်လို့ ကျမတော့ ယူဆမိပါတယ်။"

လက်နက်အင်အားနဲ့ နှိမ်နင်းခံခဲ့ရတဲ့ ရှစ်လေးလုံး လူထုအုံကြွမှုကြီးရဲ့နောက်ဆက်တွဲအဖြစ် ကျောင်းသားပြည်သူ အမြောက်အမြားဖမ်းဆီးထောင်ချခံခဲ့ရတယ်။ အခုချိန်ထိလည်း ကိုမင်းကိုနိုင် အပါအဝင် ရှစ်လေးလုံး ကျောင်းသားခေါင်းဆောင်တွေ ထောင်ထဲမှာရှိနေကြပါသေးတယ်။ အဆိုးထဲက အကောင်းကတော့ မဆလ တပါတီအစိုးရ ပြုတ်ကျခဲ့တယ်၊ နိုင်ငံရေးပါတီတွေပေါ်ပေါက်ခဲ့တယ်၊ ပြည်သူတွေရဲ့ ဆန္ဒအမှန်ကိုဖော်ထုတ်နိုင်ခဲ့တဲ့ ရွေးကောက်ပွဲတွေ ပေါ်ပေါက်လာခဲ့ပါတယ်။

ဒါပေမဲ့လည်း ပြည်သူတွေ လိုလားခဲ့သလိုစစ်မှန်တဲ့ လွတ်လပ်မှုနဲ့ဒီမိုကရေစီကို အခုချိန်ထိမရရှိသေးပါဘူး။ ဒီတော့မြန်မာနိုင်ငံရဲ့နိုင်ငံရေးအခြေအနေပြောင်းလဲသွားဖို့ ရှစ်လေးလုံးလို ပြည်သူတွေရဲ့ဆန္ဒထုတ်ဖော်တောင်းဆိုမှုတွေအခုအချိန်မှာလိုအပ်နေပါသလား။

"ကျနော် အဲဒီလိုပဲမြင်တယ်။ တကယ်တမ်းအတိအကျပြောမယ်ဆိုရင် ဒီစစ်တပ်က မြန်မာပြည်ကို အာဏာသိမ်းလာတာကျနော်တို့တသက်ရှိသွားပြီ၊နှစ်ပေါင်း ၄၈ နှစ်လောက်ရှိသွားပြီ။ ရှိသွားတဲ့အခါမှာ တခါမှ ပြုပြင်ပြောင်းလဲလာတာတွေ၊ တခါမှ တွေ့ဆုံဆွေးနွေးပွဲနဲ့ နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းပေးခဲ့တယ်ဆိုတာကိုကျနော်မတွေ့ရဘူး။ အဲဒီတော့ ကျနော်တို့က ဘာနည်းနဲ့ဖြေရှင်းရတော့မလဲ၊ကျနော်တို့လက်နက်ကိုင်တိုက်ပွဲတွေနဲ့ဖော်ထုတ်မလား၊သံတမန်ရေးတိုက်ပွဲတွေ၊ လူထုတိုက်ပွဲတွေ၊ ကျနော်မြင်တာတော့အဓိက လူထုလှုပ်ရှားမှုကြီးနဲ့ပဲဖြေရှင်းနိုင်မယ်လို့ကျနော့်အနေနဲ့မြင်တယ်။"

၈၈ ကျောင်းသားခေါင်းဆောင် တယောက်ဖြစ်တဲ့ ကိုမိုးသီးဇွန် ပြောပြသွားတာဖြစ်ပါတယ်။ ရှစ်လေးလုံးအုံကြွမှုကြီးကစလို့ ဒီနေ့အထိ

**စာမျက်နှာ ၇ သို့**

# ရှစ်လေးလုံး အရေးတော်ပုံကြီးအပေါ် သစ္စာရှိကြရမယ်

**ရဲဘော် ဖိုးသံချောင်း**

**မဇ္ဈိမ အင်တာနက်စာမျက်နှာမှ ကူးယူဖော်ပြပါသည်**

ဒီခေတ် ဗမာနိုင်ငံသားတွေအတွက် ဂုဏ်ယူစရာဖြစ်တဲ့ရှစ်လေးလုံးအရေးတော်ပုံကြီးရဲ့ နှစ်ပတ်လည်နေ့တွေကိုရောက်တိုင်းကျင်းပခွင့်ရတဲ့ ဗမာပြည်သားတွေဟာ ကျင်းပနိုင်တဲ့ နေရာတွေမှာ အထိမ်းအမှတ်တွေ ကျင်းပ ကြတာဟာ နှစ်စဉ်ပဲလို့ ဆိုနိုင်ပါ တယ်။ တပါထဲမှာပဲ ထုံးစံအတိုင်း ဒီအရေးတော်ပုံကြီးအပေါ် သုံးသပ်တာတွေလည်း ကြားကြရ၊ ဖတ်ကြရပါတယ်။ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စတွေပါပဲ။

မလုပ်သင့်တာက ရှစ်လေးလုံး အရေးတော်ပုံကြီး ဖြစ်ပျက်ခဲ့တာတွေကို တုတ်ထမ်းပြီး ငြင်းကြတယ်လို့ မဖြစ်ဖို့ပါပဲ။ပြောရရင် ရှေ့ဆက်ကြရအုံးမယ် ခရီးလမ်းက ကြမ်းပါတယ်။ ဒီနေ့အခြေအနေဟာရှစ်လေးလုံးအရေးတော်ပုံကြီး မတိုင်မီကလို၊ ရှစ်လေးလုံးနောက်ပိုင်းမှာလိုပဲ အတိုက်အခံတွေအကြားမှာညီညွတ်ဖို့အထူးတောင်း ဆိုနေပါတယ်။ ဒီညီညွတ်မှုကို ထိခိုက်စေတဲ့ လုပ်ငန်းမျိုးလုပ်မိရင် စစ်အစိုးရ ကျေနပ်စရာပဲဖြစ်မယ်ဆိုတာ သေချာပါတယ်။

ဒီနေ့ အဓိက လုပ်သင့်တာက ဒီလိုသမိုင်းဝင် ပြည်သူ့အရေးတော်ပုံကြီးတခုဟာ ဘယ်ကနေဘယ်လို ပေါ်ပေါက်လာတာလဲ၊ ဒီအရေးတော်ပုံကြီးရဲ့ အားသာချက်တွေက ဘာတွေလဲ၊ ဘယ်လို လုပ်ရပ်တွေကို စံပြုလို့ ဘယ်အရာတွေကို ဆက်ခံထိန်းသိမ်းသင့်သလဲ စတာတွေကို ဆွေးနွေးပြောဆိုကြ၊ အမြင်တွေဖလှယ်ကြတာတွေကို ဇောင်းပေးလုပ်သင့်တယ်ထင်ပါတယ်။ ဘယ်သူ့ကြောင့် ဒီအရေးတော်ပုံကြီး အောင်ပွဲမခံရသလဲလို့ အပြစ်ရှာ၊ အပြစ်ဖို့တာ အပေါ်မှာ အချိန်ကုန်မခံဖို့၊ ညီညွတ်ရေး မထိခိုက်ဖို့ အရေးကြီးပါတယ်။

မမေ့သင့်တာက ဒီနေ့ဗမာပြည်သားတွေအပေါ် ဖိနှိပ်နေ သူဟာ ရှစ်လေးလုံး အရေးတော်ပုံကြီးက ဆန့်ကျင်တိုက်ပွဲဝင်ခဲ့တဲ့ အာဏာရှင်ကြီးရဲ့အမွေနဲ့ အစဉ်အလာကို ဆက်ခံထားသူတွေဖြစ်တယ်၊ ဒီနေ့ ပြည်သူတွေ လိုလားချက်ဟာ ရှစ်လေးလုံးအရေးတော်ပုံ ကြီးတုန်းက လို လားတောင့်တချက်တွေပဲ ဖြစ်နေသေးကြောင်း ဆိုတာပါပဲ။ တိကျအောင်၊ ရှင်းအောင်ပြောရရင် ဒီနေ့ဗမာပြည် ပြည်သူတွေဆင်နွှဲနေတဲ့ အရေးတော်ပုံဟာ ရှစ်လေးလုံးအရေးတော်ပုံကြီးရဲ့ မပြီးဆုံးသေးတဲ့ လုပ်ငန်းတွေကို ဆက်လုပ်ကြတာဖြစ်တယ်ဆိုတာပါပဲ။ အဲဒီ အရေးတော်ပုံကြီး အပေါ် သစ္စာရှိ မရှိဆိုတာဟာဒီနေ့ ဗမာနိုင်ငံနိုင်ငံရေးလောကသားတွေကို တိုင်းတာတဲ့ စံဖြစ်ပါတယ်။

ပြန်တွေးလိုက်ပါ။ ၁၉၈၈ထဲမှာ လူထုတိုက်ပွဲတွေ အရှိန်မြင့်လာတဲ့အခါမှာ ဦးနေဝင်းတယောက် ငိုညည်းသံနဲ့ နှုတ်ထွက်တာ၊ ဗိုလ်စိန်လွင်က ဒေါက်တာမောင်မောင်ဆိုတဲ့ အငှားဗိုက်နဲ့ ဓားထိုးခံတာ၊ ဒေါက်တာမောင်မောင်က တနေ့မှာ သမဂ္ဂအဆောက်အဦကြီးကို ပျော်ပျော်ပါးပါး ပြန်ဆောက်ကြတာပေါ့လို့ ပျားရည်နဲ့ ဝမ်းချတာစတဲ့စစ်အာဏာရှင်တွေရဲ့လိမ်ညာမှုအမျိုးမျိုးကို လုံးဝမျက်စိမလည်နားမယောင်တာဟာ ရှစ်လေးလုံးအရေးတော်ပုံကြီးနဲ့ အရေးတော်ပုံတပ်သားများရဲ့ ထူးခြားတဲ့ ဂုဏ်တရပ်ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနေ့အခါမှာတော့ တချို့လူတွေဟာ စစ်အစိုးရက ဘာပြောပြော ဘယ်လိုအကောင်းပြောရမလဲ၊ ခွင့်လွှတ်ရမလဲ ဆိုတာကိုပဲ စဉ်းစား ကြံဆနေတာကိုတွေ့နေရတာဟာ အံ့ဩစရာကောင်းရုံမက သတိထားစရာလည်း ကောင်းလှပါတယ်။

ရှစ်လေးလုံးကာလဖြစ်ကာနီးနဲ့ ရှစ်လေးလုံး ကာလတလျှောက်မှာ အဲဒီတုန်းက စစ်အစိုးရကို အကာအကွယ်ပေးသူဆိုလို့ မူလလက်ပောင်း မဆလရဲ့အင်္ဂလိတ် စာရေးသူတွေ၊ နိုင်ငံရေးသမားတွေပဲ ရှိပါတယ်။ စစ်အစိုးရနဲ့ ပြည်သူဆိုပြီး စည်းက အင်မတန် ရှင်းပါတယ်။ ဒါပေမဲ့ ဒီနေ့အခါမှာတော့ စစ်အစိုးရရဲ့လုပ်ရပ်တွေကို သာမက စစ်အစိုးရရဲ့ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအပါ ပြောင်လိမ်၊ ပြောင်ညစ်ပြီးပေါ်လာတဲ့ လွှတ်တော်ကိုပါ ကြံကြံဖန်ဖန်ချီးကျူး ကာကွယ်သူတွေ အမျိုးမျိုးပေါ်လာနေပါတယ်။ ဒီခေတ်မှ အမတ်မဖြစ် ဘယ်တော့ဖြစ်မှာလဲ၊ ဒီခေတ်မှ မချမ်းသာရင်ဘယ်တော့ ချမ်းသာမှာလဲ၊ ဒီခေတ်မှ မင်းဆရာမဖြစ်ရင် ဘယ်တော့ဖြစ်မှာလဲ ဆိုတဲ့လူတွေ ပုံစံအမျိုးမျိုးနဲ့ ပေါ်ထွက်လာတာကို တွေ့ရသလို ခေတ်အဆက်ဆက်မှာ စစ်အာဏာရှင်တွေအတွက် သဘောတရားတွေ ထုတ်ပေး၊ အချက်အလက် အတုအယောင်တွေဖန်တီးပေးခဲ့တဲ့ လူတွေ အိုကြီးအိုမအရွယ်ကျမှမြောင်းထဲ ရောက်ကုန်တာ စတာတို့ဟာ ဒီခေတ်ရဲ့ လက္ခဏာတခုလို့ဆိုရင် ရမယ်ထင်ပါတယ်။

ရှစ်လေးလုံး အရေးတော်ပုံကြီးရဲ့ ထူးခြားချက်ကြီးတွေထဲမှာ ဒီအ ရေးတော်ပုံကြီးဟာ ပြည်တွင်းဖြစ်စစ်စစ်ဖြစ်ပြီး အစကအဆုံးဘယ်ပြည်ပနိုင်ငံနဲ့မှ မပတ်သက်ခဲ့ဘူးဆိုတဲ့ အချက်လည်း ပါဝင်ပါတယ်။ ဒါပေမဲ့ ဒီနေ့အခါမှာတော့ - - -ပြောဖို့ မလိုတော့ဘူး ထင်ပါတယ်။

အဆိုးဆုံးကတော့ ရှစ်လေးလုံး အရေးတော်ပုံကြီးဟာ ပြည်သူလူထုကြီးတရပ်လုံး ပါဝင်မှုကြောင့် ဒီလိုအခြေအနေကို ဆိုက်ခဲ့တာ၊ အစိုးရခေါင်းဆောင်သုံးယောက် တက်လိုက် ဆင်းလိုက်ဖြစ်စေခဲ့တာ ဆိုတဲ့အချက်ကို ဖျောက်ပြီးပြည်သူလူထုကြီးရဲ့အခန်းကို ဖျောက်ဖို့ကြိုးစားနေတာပါပဲ။ ဒါနဲ့တဆက်ထဲ ပြည်သူလူထုမပါပဲ ပြည်ပကဆောင်ရွက်မှုနဲ့ပဲ အောင်ပွဲခံနိုင်မယောင်ယောင်၊ စစ်အာဏာရှင်တွေ သူ့အလိုလိုအရောင်အသွေးပြောင်းသွားမယောင်ယောင်၊ စစ်အာဏာရှင်မိသားစုတွေက သူတို့ရဲ့ ဓနဥစ္စာတွေကို သူတို့ဆန္ဒနဲ့ စွန့်လွှတ်ပြီး တောထွက်ရသေ့ရဟန်း ဝတ်တော့ မယောင်ယောင် ပြောနေကြပါတယ်။

၁၉၈၈ တုန်းက အာဏာသိမ်းရတာဟာ သူတို့ကို နိုင်ငံတကာခုံရုံးတင်မယ်ဆိုလို့ အာဏာသိမ်းရတာပါလို့ ပြောကြားချက်ကို အားလုံး မှတ်မိကြပါလိမ့်မယ်။ ဒီစကားက အဓိကဖော်ပြနေတဲ့ အချက်တခုကတော့ စစ်အာဏာရှင်တွေဟာ အာဏာလက်လွှတ်မှာကိုအင်မတန်မှ စိုးရိမ်အကြောင့်ကြကြီးကြောင်းဆိုတာပါပဲ။ အဲဒီလိုစိုးရိမ်ကြောင့်ကြတတ်တာကို ထည့်မတွက်ပဲ စစ်အာဏာရှင်တွေရဲ့သန္ဓေကို အမျိုးမျိုး အဓိပ္ပာယ်ဖော်နေကြတာဟာ ဆန္ဒပါသော်ရှိ၊ မပါသော်ရှိစစ်အာဏာရှင်တွေ သက်တမ်းရှည်အောင် လုပ်ပေးသလို ဖြစ်သွားနိုင်ပါတယ်။

ကမ္ဘာမှာ ဝင်ရိုးစွန်းနှစ်ခုစနစ်ကြီး ပျက်သွားလို့နောက်ထပ်ကမ္ဘာ့

**စာမျက်နှာ ၁၄ သို့**

# မြန်မာ့ငွေကြေးအခက်အခဲအတွက် အိုင်အမ်ဖက်က အကူအညီပေးမည်ဟုဆို

**MIZZIMA | ဩဂုတ်လ ၁၂။** ။မြန်မာနိုင်ငံ၏လက်ရှိတရားဝင်ငွေလဲနှုန်း အမေရိကန် တဒေါ်လာလျှင် ၆ ကျပ်ကျော်အစား စနစ်ပြောင်းလဲနိုင်ရေးနှင့် နိုင်ငံတကာ ဘဏ်လုပ်ငန်းဆိုင်ရာ အတားအဆီးများကိုလည်း ဖယ်ရှားနိုင်ရေး နည်းလမ်းရှာဖွေရန်အတွက် ကမ္ဘာ့ငွေကြေး ရန်ပုံငွေအဖွဲ့ IMF ကိုယ်စားလှယ်တဖွဲ့ အောက်တိုဘာလထဲမှာရောက်လာတော့မည် ဖြစ်သည်။

မြန်မာ့ဘဏ္ဍာရေးစံနစ်သည် ပွင့်လင်းမြင်သာမှု မရှိပဲ ဖြစ်နေကာ ပြုပြင်ပြောင်းလဲမှု လုပ်နိုင်ရန်အတွက် စူးစမ်းလေ့လာမှု အဖြစ် ၁၉၈၇ ခုမှစ၍ မြန်မာနိုင်ငံအပေါ် ၂၄ နှစ်ကြာ ငွေကြေးထောက်ပံ့မှု ရပ်ဆိုင်းထားသည့် ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့ကြီး - IMF ပြောခွင့်ရအမျိုးသမီး Gita Bhatt က "နိုင်ငံခြားငွေလဲတဲ့နှုန်းစနစ်နဲ့ နိုင်ငံတကာ စီးပွားရေးမှာ ငွေချေတာ၊ ငွေလွှဲပြောင်းတာတွေကို မွမ်းမံ ပြင်ဆင်ဖို့မြန်မာအာဏာပိုင်တွေက အကူအညီတောင်းထားပါတယ်" ဟု တနင်္လာနေ့က ရိုက်တာသတင်းဌာနသို့ ပြောသည်။

ဗဟိုဘဏ်ဒုတိယ ဥက္ကဋ္ဌဦးမောင်မောင်ဝင်းကလည်း အမေရိကန် ဒေါ်လာနှင့် ကျပ်ငွေလဲနှုန်းကို ပြောင်းလဲနိုင်ရန် IMF နှင့် ညှိနှိုင်းရန် ဆက်သွယ်ထားသည်ဟုလည်း မကြာသေးမီက ရန်ကုန်အခြေစိုက် The Voice ဂျာနယ်ကိုပြောသည်။

နေပြည်တော် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးလှထွန်း ကလည်း နိုင်ငံခြားငွေများလဲလှယ် ရောင်းဝယ်ရာ၌ တည်ငြိမ်သည့် ငွေလဲနှုန်း သတ်မှတ်နိုင်ရန် ပြည်ပအဖွဲ့အစည်းများ၊ ကျွမ်းကျင်သူများနှင့် စတင်ဆောင်ရွက်နေပြီဟု တရားဝင်ပြောဆိုထားသည်။

အမေရိကန်နိုင်ငံဝါရှင်တန်မြို့အခြေစိုက် IMF တွင် အဖွဲ့ဝင် ၁၈၇ နိုင်ငံပါဝင်ကာ ကမ္ဘာ့နိုင်ငံအသီးသီး၏ငွေကြေးနှင့် ဘဏ္ဍာရေးမူဝါဒ တည် ငြိမ်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းပေါ်ပေါက်ရေး၊ ရေရှည် စီးပွားတိုးတက်ရေး၊ ဆင်းရဲမှု လျော့ချရေးတို့အတွက် ငွေကြေးနှင့်နည်းပညာများ အကူအညီပေးနေသည်။

၁၉၅၂ ခုနှစ်ကတည်းက အဖွဲ့ဝင်ဖြစ်သည့် မြန်မာနိုင်ငံအား IMF က ငွေကြေးထောက်ပံ့မှု ရပ်ဆဲထားသော်လည်း အဖွဲ့ဝင်နိုင်ငံများနှင့် သဘောတူမှု Article IV အပိုဒ် ၄ အရ "အဖွဲ့ဝင်နိုင်ငံနှင့် စီးပွားရေးဖွံ့ဖြိုးမှု ဆွေးနွေးခြင်း၊ စီးပွားရေးဆိုင်ရာ တောင်းဆိုခွင့်ရှိသကဲ့သို့ ငွေကြေးစီမံခန့်ခွဲမှုစံနစ်၊ ငွေလဲနှုန်းတည်ငြိမ်စေရေးတို့အတွက် နည်းပညာနှင့် အကြံဉာဏ်များပေးခွင့်ရှိ"နေသည်။

မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ လဲလှယ်ရာ၌ တဒေါ်လာလျှင် ၆ ကျပ်ကျော်နှုန်းကို တရားဝင်အဖြစ် လွန်ခဲ့သည့် ၃၆နှစ်ကတည်းက အစိုးရအဆက်ဆက် သတ်မှတ်ထားသော်လည်း ပြင်ပမှောင်ခိုဈေးနှုန်းနှင့်ကွာခြားနေကာ ဩဂုတ်လ ၁၂ ရက်တွင် တဒေါ်လာ ၇၅၄ ကျပ်သာရှိနေသည်။

ယခုနှစ် အစောပိုင်းကမူ ငွေလဲလှယ်နှုန်းမှာ တဒေါ်လာလျှင်မြန်မာကျပ်ငွေ ၁၀၀၀ ဝန်းကျင်ခန့်အထိရှိခဲ့သည်။ နိုင်ငံတကာ ဈေးကွက်တွင်ဒေါ်လာတန်ဖိုးကျနေခြင်း၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မျက်ရောင်းဝယ်မှုများမှ ဝင်ငွေကြောင့် စီးပွားရေးပညာရှင်များက သုံးသပ်ကြသည်။

ထို့အပြင် စစ်အစိုးရက ၂၀၀၉၊ ၂၀၁၀ ခုနှင့် အစိုးရအသစ်မတက်မီ ၂၀၁၁နှစ်ဆန်းပိုင်းအတွင်းနိုင်ငံပိုင်အဆောက်အဦး၊မြေယာနှင့်

**စာမျက်နှာ ၁၆ သို့**

**စာမျက်နှာ ၅ မှ**

မြန်မာနိုင်ငံမှာ ဒီမိုကရေစီရေးအတွက် လှုပ်ရှားဆောင်ရွက်နေတဲ့ မခင်မိုးအေးကရော ဘယ်လိုမြင်ပါသလဲ။

"စစ်မှန်တဲ့ အပြောင်းအလဲဖြစ်ဖို့ ဆိုတာကတော့ အခုအချိန်မှာ စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးရေးဖြစ်ဖို့လည်း အရမ်းလိုအပ်နေပါတယ်။ ဒီ စစ်မှန်တဲ့တွေ့ဆုံဆွေးနွေးရေး ဖြစ်ဖို့ကိုလည်း အားလုံးက ဒါဟာ လိုအပ်တယ်လို့ နားလည်နေဖို့လည်းလိုပါတယ်။ အမှန်တကယ်တော့ အစိုးရတရပ်က ပြည်သူပြည်သားတွေကလိုလားတဲ့ အစိုးရတရပ်ပဲ ဖြစ်သင့်တယ်လေ၊ တကယ့်တကယ်တော့၊ ဒီလိုအံ့ကြွမှုကြီးဖြစ်ဖို့ ဆိုတာက အခြေအနေ၊အချိန်အခါ၊အကြောင်းအရာတိုက်ဆိုင်မှလည်းဖြစ်လာတာပါ။ အဲဒီအတွက် အရေးကြီးတာကတော့ လူထုက ကိုယ့်အခွင့်အရေးကို ကိုယ်တောင်းဆိုတတ်ဖို့ အရမ်းလိုအပ်ပါတယ်။"

ရှစ်လေးလုံးကာလကတော့ ပြည်သူတွေဟာ ကိုယ်လိုချင်တာကို ကိုယ်တောင်းမှရမယ်ဆိုတဲ့ အသိစိတ်တွေ နိုးကြားခဲ့ကြပါတယ်။ လက်ရှိအခြေအနေမှာရော အဲဒီလိုကိုယ့်အခွင့်အရေး၊ ကိုယ်ဖြစ်စေချင်တာကို တောင်းရမယ်ဆိုတဲ့အသိ ဘယ်လောက်ရှိနေကြပါသလဲ။

"၈၈ ကာလကလည်း ပြည်သူလူထုရဲ့ အဓိကလွတ်လပ်မှုကြီး လိုချင်နေတဲ့ဆန္ဒပေါ့။အခု၂၃နှစ်ကြာသွားတဲ့အခါပြည်သူလူထုကြီးမှာ လွတ်လပ်မှုကို လိုချင်နေတဲ့ဆန္ဒက လျော့မသွားပါဘူး။ အတူတူပဲလို့ အခြေအနေနှစ်ရပ်ကိုမြင်ပါတယ်။ လွတ်လပ်စွာ လုပ်ကိုင်စားသောက်ချင်တယ်၊ လွတ်လပ်စွာပြောဆိုချင်တယ်၊ လွတ်လပ်စွာ အသင်းအပင်းတွေ ဖွဲ့စည်းချင်တယ်ဆိုတဲ့ သူတို့ရဲ့ လွတ်လပ်မှုကို လိုလားနေတယ်။ ဒီလိုလားမှုကြီးက ဒီနေ့ ၈၈ ပြီးသွားတဲ့ ၂၃ နှစ်မှာ ဒီခံစားချက်တွေက ပိုပြီး ကြီးထွားလာတယ်လို့ပဲ ကျနော်မြင်တယ်။"

"ကျမစိတ်ထင်တော့ ကျမတို့ဆီမှာရှိတဲ့ ပြည်သူတွေက လူတွေဟာ ကိုယ့်ရဲ့အခွင့်အရေးကို ကိုယ်တောင်းတတ်ရမယ် ဆိုတဲ့အသိပညာရဖို့ အရမ်း လိုအပ်နေသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့မှာ မနက်ထမင်း၊ ညထမင်း မှန်ဖို့ မနည်းကြိုးစားနေရတယ်။ အခြေခံစားဝတ်နေရေးပြေလည်ဖို့အရမ်းကြိုးစားနေရတော့ဒီဘက်ဗဟုသုတတွေ သူတို့မှာ အရမ်းနည်းတယ်။ ကိုယ့်ရဲ့အခွင့်အရေးကို ကိုယ်ရအောင်ပြောတတ်ရမယ်၊ တောင်းတတ်ရမယ်ဆိုတဲ့ အသိပညာရဖို့ သူတို့မှာ အများကြီးလိုနေသေးတယ်လို့ ကျမထင်ပါတယ်။ အဲဒီတော့ ကျမတို့လို ဒီမိုကရေစီကို ကိုယ့်ဘာသာကိုယ်တာဝန်သိပြီး လှုပ်ရှားလာတဲ့လူတွေက လူထုကို ဗဟုသုတ ပေးနိုင်ဖို့ အများကြီးလိုအပ်ပါတယ်။"

ဒီကနေ့ မြန်မာနိုင်ငံမှာ ကိုယ်ကျိုးစွန့်ပြီး ဒီမိုကရေစီရေးအတွက် လှုပ်ရှားဆောင်ရွက်နေကြသူတွေ တော်တော်များများ ရှိကြပါတယ်။ ဒါပေမဲ့ မခင်မိုးအေးပြောခဲ့သလို ပြည်သူအများစုက ကိုယ်လိုချင်တာကို တောင်းရဲ၊ တောင်းတတ်တဲ့အချိန်ရောက်ဖို့ ဘယ်လောက်လိုနေသေးလဲ ဆိုတာကတော့ ဘယ်သူကမျှ တတ်အပ်ပြောနိုင်ပါမလဲ။

# ၂၃ နှစ်မြောက် ရှစ်လေးလုံးရင်ခုံသံ

**နှင်းပန်းအိမ်**

**မဇ္ဈိမ အင်တာနက်စာမျက်နှာမှ ကူးယူဖော်ပြပါသည်**

"လူတယောက်ရဲ့တန်ဖိုးဟာ သူဖြတ်သန်းကျော်လွှားနေတဲ့ ခေတ်ကြီးကသူ့ပုခုံးပေါ်တင်ပေးလိုက်တဲ့သမိုင်းပေးတာဝန်ကိုသူဘယ်လောက် သယ်ပိုးထမ်းဆောင်နိုင်ခဲ့တယ်ဆိုတဲ့ အချက်နဲ့တိုင်းတာရမှာပဲ" ဆိုတဲ့ ဆရာကြီးဗန်းမော်တင်အောင်ရဲ့စကားအတိုင်း ရှစ်လေးလုံး အရေးတော်ပုံကြီးရဲ့သမိုင်းတာဝန်ကိုကျမတို့ပြည်သူတွေထမ်းဆောင်ခဲ့ကြပါတယ်။

ဩဂုတ်လရဲ့မိုးစက်တွေကြားမှာ ရှစ်လေးလုံး ၂၃ နှစ်မြောက် အတွက် အမှတ်တရစကားတွေ၊ စာတွေ၊ သတင်းတွေ ကြားရဖတ်ရတော့ ရှစ်လေးလုံးအရေးတော်ပုံကြီးရဲ့ တက်ကြွတဲ့ တိုက်ပွဲခေါ်သံကို ပြန်လည် မြင်ယောင်မိပါတယ်။

အဲဒီတုန်းက အဖြူအစိမ်းဝတ် ကျောင်းသားလူငယ်တွေ မြန်မာ့သမိုင်း ခေတ်အဆက်ဆက်ကို ကြည့်မယ်ဆိုရင် မြင်ကွင်းတွေအမျိုးမျိုးတွေ့ရတယ်။ စစ်အစိုးရက အာဏာသိမ်းပြီးတော့ စစ်ဝတ်စုံနဲ့အရပ်ဝတ်စုံလဲပြီး အုပ်ချုပ်ခဲ့တယ်။ ဒီစစ် အာဏာရှင်စနစ်ကျဆုံးဖို့ ကျနော်တို့ ကရင့်တော်လှန်ရေးလုပ်ခဲ့တာနေရာအနှံ့မှာထွက်ပေါ်ခဲ့တယ်၊ ကျောင်းတွေစုံလူတွေစုံခဲ့တယ်။ ရဟန်းရှင်လူ ကျောင်းသားပြည်သူတွေရဲ့ လက်ရုံးတွေ အားမာန်အပြည့်နဲ့ လေထဲမှာဝဲနေခဲ့တယ်။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ရမယ်ဆိုတဲ့ ဒီမိုကရေစီရေးလိုလားသူတွေ လူ့အခွင့်အရေးအတွက် အသက်စွန့်ပြီး တိုက်ပွဲဝင်နေကြတယ်။

"ခြောက်နေတဲ့ ထင်းကို မီးတောက်အောင် လုပ်ဖို့ သေးငယ်တဲ့ မီးပွားကလေးရှိရင် လုံလောက်တယ်" ဆိုတဲ့ စကားလိုပါပဲ။ ကျမတို့လူထုရင်ထဲမှာ ခံစားနေရတဲ့ ဖိနှိပ်ခံရမှုတွေ အုံကြွလာခဲ့ပါတယ်။ ရှစ်လေးလုံးရဲ့ ဘဝ၊သွေးစက်၊ အသက်၊ မျက်ရည်တွေ ခုချိန်ထိမခန်းခြောက်သေးပါဘူး စစ်အာဏာရှင်စနစ်ကျဆုံးဖို့ ဆက်လက်တိုက်ပွဲဝင်နေကြတုန်းပါ။

ရှစ်လေးလုံး ၂၃ နှစ်မြောက်မှာ အတိတ်ကို ပြန်လည်သတိရသလို လက်ရှိဘဝကိုလည်း ကြည့်မိတယ်။ ရှစ်လေးလုံး လူထုအရေးတော်ပုံကြီးမှာ ပါဝင်ခဲ့တဲ့ကျမ ဒုက္ခသည်စခန်းရဲ့ တဲအိမ်လေးထဲမှာဒုက္ခသည်အဖြစ်နေထိုင်ရတယ်။ ကျမလိုပဲ နိုင်ငံရေးအကျဉ်းသားဟောင်းတွေ ရှစ်လေးလုံးအရေးတော်ပုံအပြီးမှာ လက်နက်ကိုင်တော်လှန်ရေးနဲ့ စစ်အာဏာရှင်စနစ်ကို အပြုတ်တိုက်မယ်ဆိုတဲ့ စိတ်နဲ့ကျောင်းသားတပ်မတော်ထဲကို ဝင်ခဲ့ကြတဲ့ ABSDF ရဲဘော်တွေ ဒုက္ခသည်အဖြစ်နဲ့နေထိုင်ကြရတယ်။ ကျမတို့ဘဝ လုံခြုံမှုအတွက် ဒုက္ခသည်အဖြစ်စနစ်ကတွန်းပို့ခဲ့တာ။

တတိုင်းပြည်လုံးအမှောင်ကျနေတဲ့ကျမတို့တိုင်းပြည်ရဲ့အလင်းရောင်က ပြည်သူလူထုတွေပါ။ ဒီပြည်သူလူထုတွေမှာ လက်နက်မရှိဘူး။ အမှန်တရားပဲရှိတယ်။ ဒီအမှန်တရားနဲ့ လက်နက်ရှိတဲ့ စစ်အာဏာရှင်တွေကို တိုက်ပွဲဝင်ခဲ့ကြတာ။ ဒီလိုသမိုင်းတွင်တဲ့ ရှစ်လေးလုံး အထိမ်းအမှတ်နေ့ကို ကျမတို့ဒုက္ခသည်တွေ ကျင်းပချင်တယ်။

ရှစ်လေးလုံး ၂၃ နှစ်မြောက်တဲ့ အချိန်ထိ ကျမတို့မြန်မာပြည်မှာ စစ်ပွဲတွေ ပြင်းထန်တုန်း၊ နိုင်ငံရေးအကျဉ်းသားနှစ်ထောင်ကျော် ခုထိရှိနေတုန်း။ ဒီလိုမျိုးအခြေအနေကို ထိုးစစ် တိုက်စစ်ကြောင့် ပြေးလွှားပုန်းရှောင်ခဲ့ရတဲ့ ကရင်စစ်ပြေးဒုက္ခသည်တွေရဲ့ သားသမီးတွေ၊ ABSDF ရဲဘော်တွေရဲ့ သားငယ် သမီးငယ်တွေ၊ ဒုက္ခသည်မိဘတွေကမွေးဖွားပြီး ဒုက္ခသည်စခန်းထဲမှာပဲ ကြီးခဲ့ရတဲ့ မျိုးဆက်သစ်လူငယ်တွေကို ပါသိစေချင်တယ်။ ရှစ်လေးလုံးစိတ်ဓာတ်ကို လက်ဆင့်ကမ်းချင်ကြပါတယ်။

ဒါကြောင့်လဲ ဒုက္ခသည်စခန်းအတွင်းမှာ မတူကွဲပြားတဲ့ အတိတ်အသီးသီးရှိတဲ့ အဖွဲ့အစည်း၊ အသင်းအပင်းတွေက လူအားလုံးစုပေါင်းပြီး ရှစ်လေးလုံး ၂၃ နှစ်မြောက် အထိမ်းအမှတ်နေ့ကို ကျင်းပခဲ့ကြပါတယ်။ ဒီလိုကျင်းပနိုင်ဖို့အတွက် တာဝန်ကိုယ်စီယူကြတယ်။ ဓာတ်ပုံပြခန်းလုပ်တယ်။ နံရံကပ်စာစောင် လုပ်တယ်။ ဆောင်းပါး၊ ကဗျာတွေကို စာအုပ်ထုတ်ပါတယ်။

နို့ဖိုးဒုက္ခသည်စခန်းမှာ နေရာကျယ်ဝန်းတဲ့ ဓမ္မရက္ခိတ ဘုန်းကြီးကျောင်းမှာ ကျင်းပခဲ့ပါတယ်။ အခမ်းအနားရဲ့အဝင်ဝမှာ ဝတ်စုံအဖြူအစိမ်းနဲ့ကျောင်းသားပုံဆွဲထားပါတယ်။ ဒီကျောင်းသားလေးပုံမှာအမှတ်တရစကားရေးကြတယ်။ စခန်းအုပ်ချုပ်ရေး ဒုဥက္ကဋ္ဌကြီး ဦးဖိုးထာန်မှ အဖွင့်အမှာစကားပြောကြားပေးခဲ့ပါတယ်။ ဦးဖိုးထာန်က မြန်မာနိုင်ငံရဲ့သမိုင်းအစဉ်အဆက်မှာ စစ်အာဏာရှင်တွေရဲ့ ဖိနှိပ်ရက်စက်မှုကို ခံစားချက်အပြည့်နဲ့ ပြောသွားပါတယ်။

"ရှစ်လေးလုံးက အတီးတို့ကို ဗမာနဲ့ စစ်အာဏာရှင်စနစ်ကိုခွဲခြားပြလိုက်တာ"

"ရှစ်လေးလုံး အမှတ်တရနေ့ဟာ မြန်မာနိုင်ငံ သမိုင်းအတွက် အင်မတန်မှ အရေးပါပါတယ်။ မြန်မာ့သမိုင်း ခေတ်အဆက်ဆက်ကို ကြည့်မယ်ဆိုရင် မြင်ကွင်းတွေအမျိုးမျိုးတွေ့ရတယ်။ စစ်အစိုးရက အာဏာသိမ်းပြီးတော့ စစ်ဝတ်စုံနဲ့ အရပ်ဝတ်စုံလဲပြီး အုပ်ချုပ်ခဲ့တယ်။ ဒီစစ်အာဏာရှင်စနစ်ကျဆုံးဖို့ ကျနော်တို့ ကရင့်တော်လှန်ရေးလုပ်ခဲ့တာ"

" ခင်ဗျားတို့ မြို့ပေါ်နေ လူထုကလည်း အရေးတော်ပုံတွေမှာ အသက်ပေးပြီး တိုက်ပွဲဝင်ကြတယ်။ ဘာကြောင့် စစ်အာဏာရှင်စနစ်မကျဆုံးသေးတာလဲ။ ကျနော်တို့အားလုံးမစည်းလုံးနိုင်တဲ့အတွက်ကြောင့်ပဲ။ အရေးတော်ပုံတိုင်း၊ အရေးအခင်းတိုင်းမှာ ကျဆုံးသွားတဲ့ သူတွေ တော်လှန်ရေးထဲမှာ ကျဆုံးသွားရတဲ့ ရဲဘော်ပေါင်းကို ဒီနေရာ ဒီအခမ်းအနားကနေ ဂုဏ်ပြု ဦးညွှတ်လိုက်ပါတယ်ခင်ဗျား"

ကရင်အမျိုးသားစခန်း ဒုဥက္ကဋ္ဌ ဦးဖိုးထာန်စကားက ကျမတို့ရင်ကို ထိခိုက်စေခဲ့ပါတယ်။ တော်လှန်ရေးကပေးတဲ့ အသိ၊ ဘဝကပေးလိုက်တဲ့အသိတွေနဲ့ ကျမတို့ကို လက်ဆင့်ကမ်းပြောနိုင်ခဲ့သူပါ။

ကျမတို့အားလုံးက ချစ်ခင်စွာ အတီးလို့ခေါ်ရတဲ့ တီးလှရွှေက "ရှစ်လေးလုံးကို ပြန်ပြောင်းသတိရပြီး အနာဂတ် ခေါင်းဆောင်ဖြစ်ဖို့ လူငယ်တွေကို အတီးတိုက်တွန်းချင်တယ်။ စစ်တပ်က ဖိနှိပ်လွန်းလို့ ဒုက္ခသည်စခန်းထဲကိုရောက်လာရတာ။ ဒုက္ခသည်တွေမှာ ရည်ရွယ်ချက်ကိုယ်စီနဲ့ပါ။ ကိုယ့်မြေကိုယ့်ရေကိုယ့်ဒေသကို လူငယ်တွေမမေ့ကြပါနဲ့။ ကိုယ့်ဇာတိမြေမှာ ကိုယ်ပိုင်ယဉ်ကျေးမှုတွေရှိတယ်။ စာပေတွေရှိတယ်။ သယံဇာတတွေ ရှိတယ်။ ဇာတိသွေး မွေးကြပါ"

**စာမျက်နှာ ၁၀ သို့**



**ဩဂုတ် ၈ I The Economist II II** ဒေါ်လာဈေးကျ၍ မြန်မာကျပ်သည် အာရှအမြင့်ဆုံး ၂၀ ရာနှုန်းတက်ခဲ့၏။

**ဩဂုတ် ၈ I Irrawaddy II II** မြန်မာသည် ဒုက္ခသည် ၄၁၅၇၀၀ ဦးဖြင့် ကမ္ဘာတွင် ဒုက္ခသည် ပဥ္စမအများဆုံးထွက်သည့် နိုင်ငံဖြစ်ကြောင်း ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့် အရေးဆိုင်ရာမဟာမင်းကြီးရုံးမှဆို၏။

**ဩဂုတ် ၈ I RGN II II** ၂၃ ကြိမ်မြောက် ရှစ်လေးလုံးအထိမ်းအမှတ်နေ့သို့ ဒေါ်အောင်ဆန်းစုကြည်တက်ရောက်မိန့်ခွန်းပြောရာ စည်းလုံးညီညွတ်ရေးကို အမိက ထားပြောခဲ့ကြောင်း။

**ဩဂုတ် ၈ I ABC Radio II II**မြန်မာမှ အများအားဖြင့် ခရိယန် ဒုက္ခသည်များသည် ဥပဒေအရ တရားဝင် အကာအကွယ်ကို အိန္ဒိယတွင် ရှာဖွေနေကြောင်း။

**ဩဂုတ် ၈ I NZ News II II** ၈၈၈၈ အရေးအခင်း နှစ်လည်တွင် နျူးဇီလန်လေဘာပါတီသည် ဒီမိုကရေစီဘက်တော်သားများနှင့် တသားတည်းရှိကြောင်း။

**ဩဂုတ် ၈ I Irrawaddy, Editorial II II** အစိုးရသည် ရှစ်လေးလုံးအရေးအခင်းနှင့် ဒီမိုကရေစီအတွက် လှုပ်ရှားမှုကို ဘယ်နည်းနှင့်မျှ ပယ်ဖျက်မရနိုင်။

**ဩဂုတ် ၈ I MizzimaII II** ဒေါ်အောင်ဆန်းစုကြည်၏ ပဲခူးခရီးစဉ်အတွက် လုံခြုံရေးတာဝန်ယူမည်ဟု အဲန်အဲလ်ဒီမှဆို၏။

**ဩဂုတ် ၉ I Mizzima II II** ရန်ကုန်တွင် မြောက်ကိုးရီးယားသို့ ဆန်အိပ် ၁၆၀၀၀၀ ရောင်းရန် ထို နိုင်ငံသင်္ဘောပေါ်သို့ တင်နေဖွယ်ရှိကြောင်း။

**ဩဂုတ် ၉ I UPI II II** သြစတြေးလျားသို့ရေကြောင်းဖြင့်လာသူ ဒုက္ခသည်များအား မလေးရှားသို့လဲလှယ်ပို့ရန် အစီအစဉ်ကို သြစတြေးလျား အထက်လွှတ်တော် တရားရုံးမှ ပိတ်လိုက်၏။

**ဩဂုတ် ၉ I LDN II II** မြန်မာ၏ စစ်ရာဇဝတ်မှုများအပေါ် ကုလစုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့၍ စစ်ဆေးရန် Christian Solidarity Worldwide တဖန်တောင်းဆို တိုက်တွန်း၏။

**ဩဂုတ် ၉ I DVB II II** မြန်မာစစ်တပ်မှ ရှမ်းပြည် Kehsi Mensi မြို့နယ် စစ်ဒုက္ခသည်များအား ဆန်ဝေ၍ ဒေသခံနှင့် အခြားရှမ်းများ အံ့အားသင့်နေ၏။

**ဩဂုတ် ၉ I Jakarta Post II II** အာဆီယံပါလီမန်အမတ်များအဖွဲ့ AIPMC သည် မြန်မာနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်ရေးကို လုံဝဆန့်ကျင်ကြောင်း။

**ဩဂုတ် ၉ I RFA/ Burma Partnership II II** မြန်မာစစ်တပ်၏ လူ့အခွင့်အရေးချိုးဖေါက်မှုများကိုစုံစမ်းရန် ကုလသမဂ္ဂစုံစမ်းရေးကော်မရှင် COI ဖွဲ့၍ စစ်ဆေးရန် ထိုင်းအပါအဝင် အာဆီယံမှ ထောက်ခံရန်လိုကြောင်း ထိုင်းနိုင်ငံလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်နာ Dr Nirun Pitakwatchara မှ နှိုးဆော်၏၊ COI မရှိလျှင် အာဆီယံသည် အနာဂါတ်မကောင်း၍ COI ဖန်တည်းရန် လိုကိုလိုကြောင်း ရှစ်လေးလုံးအထိန်းအမှတ်အခန်းအနားတွင် ဆို၏။

**ဩဂုတ် ၉ I Gulf TimesII II** ၈၈၈၈ အထိမ်းအမှတ်သို့တက်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်သည် စစ်အစိုးရ၏နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို ဝေဖန်ပြစ်တင်၏။

**ဩဂုတ် ၉ I RFA II II** အမတ် ၂၃ ဦးမှ ရေးသည့် ငြိမ်းချမ်းရေးလိုလားသူများအတွက် အိတ်ဖွင့်စာကို အဲန်အဲလ်ဒီမှ ပြန်ကြားရာ တွေ့ဆုံဆွေးနွေးရေးသည် အရေး အကြီးဆုံးဟု ပြောဆို၏။

**ဩဂုတ် ၉ I RFA II II** အောက်တိုဘာ ဒုတိယပတ်အတွင်း ကမ္ဘာ့ငွေကြေးရံပုံငွေအဖွဲ့သည် မြန်မာသို့သွား၍ မြန်မာတွင် နိုင်ငံခြားငွေလဲနှုန်းစနစ် တမျိုးတည်း သတ်မှတ်နိုင်ရေး စတင်ကူညီမည်။

**ဩဂုတ် ၁၀ I Boston Globe II II** စစ်အစိုးရသည် အရပ်သားအမည်ဖြင့် အစိုးရအား အာဏာလွှဲပေးခဲ့သော်လည်း မြန်မာပြည်အရှေ့ပိုင်းတခုထဲတွင်ပင် တိုင်းရင်း သားဒုက္ခသည်ပေါင်း ၃၀ ၀၀၀ ခန့်အားအိုးအိမ်အခြေမဲ့စေခဲ့၏။

**ဩဂုတ် ၁၀ I Press TV II II** မကြာမီက ထုတ်ပြန်ခဲ့သည့် Human Rights Watch Human Rights Watch ရိုက်ကူးထားသော HR Dead Man Walking အမည် သတင်းမှတ်တမ်း ဗွီဒီယိုသည် မြန်မာထောင်အနံ့မှနေ၍ အကျဉ်းသားများ စုဆောင်းခါ (အသေခံ) ပေါ်တာများအဖြစ် သုံးပုံကို တင်ပြ၏။

**ဩဂုတ် ၁၀ I Irrawaddy II II** အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့၏ အကူအညီကို မြန်မာသည် မိမိ၏ နိုင်ငံခြားငွေလဲစနစ်ကို ပြုပြင်ပြောင်းလဲရေးလုပ်ငန်း တွင်လိုနေရာ ယင်းသို့ အကူအညီလိုအပ်လျှင် မြန်မာသည် IMF ၏ ထိုအဖွဲ့၏ စည်းကမ်း နည်းဥပဒေများကို လိုက်နာရန်လိုကြောင်း အမေရိကန်မှဆို၏။

**ဩဂုတ် ၁၀ I IrrawaddyII II** မြန်မာတွင် အထည်လုပ်ငန်းသည် အခွန်အတုတ်များခြင်း၊ မြန်မာငွေဈေးတန်ဖိုးတက်နေခြင်းနှင့် စီးပွားရေးအခြေအနေယိုယွင်းမှု များကြောင့် စီးပွားမဖြစ်ကြောင်း။

**ဩဂုတ် ၁၀ I Mizzima II II** နိုင်ငံရေးအကျဉ်း ၁၃ နှစ် ကျနေသူ ဒီဗီဗီသတင်းထောက် ဦးမောင်မောင်ဇေယျာ၏သား ဒီဗီဗီသတင်းထောက် စည်သူဇေယျသည် သင်္ကြန်ပုံးပေါက်မှု ဗွီဒီယိုရိုက်ကူးမှုဖြင့် ထောင်ဒဏ် ၈ နှစ် ထောင်ဒဏ်အပြစ်ပေးခံထားရပြီး မိမိအပေါ် အီလက်တရောနစ်ဥပဒေအရ တရားစွဲထားမှုကို ပလပ်ရန် တရား ရုံးသို့တောင်းဆိုခြင်း ပလမ်ခံရ၏။

**ဩဂုတ် ၁၀ I DVB II II** ဘိတ် အဲန်အဲလ်ဒီဥက္ကဋ္ဌ ဦးစိုးလွင်အား သူ၏ခြံတံခါးကို ချိုးနေသူ လူငယ် ၂ ဦးနှင့် အချင်းများမှုဖြင့် ထောင် ၄ လ ချခဲ့၏။

**ဩဂုတ် ၁၀ I DVB II II** ဒေးဒရဲတွင် လယ်သမားများစွာအား လယ်လုပ်ရန် ချေးငွေများ ပြန်မဆပ်နိုင်မခြင်း မြန်မာ့စီးပွားရေးဘဏ် UMEH ၏ ဗိုလ်ကြီးမြင့်သန်း အောင်၏ အထိန်းသိမ်းခံနေရကြောင်း။

**ဩဂုတ် ၁၀ I VOA II II** ဝန်ကြီး ၁၁ ဦးပါ သတင်းဖြန့်ချီရေးအဖွဲ့ကို အစိုးရမှ ယနေ့ဖွဲ့ စည်းကြောင်း မြန်မာ့အလင်းမှဆို၏။

**ဩဂုတ် ၁၁ I VOA II II** မြန်မာတွင် လူသားမျိုးနွယ်အပေါ် ကျူးလွန်ပြစ်မှုများကို နိုင်ငံတကာ ကော်မရှင်ဖွဲ့၍စစ်ဆေးရန် မဟာမိတ်များထောက်ခံလာရန် အမေ ရိကန်မှ ကြိုးစားနေကြောင်းဖြင့် ဆို၏။

**ဩဂုတ် ၁၁ I Straits Times II II** မြန်မာတွင် အဓမ္မပြုမှုဒိမ်းကျင့်မှုများကို ရပ်တန့်စေရန် အမေရိကန်မှ ဖိအားပေးရန် နိုင်ငံခြားရေးတာဝန်ခံကလင်တန်အား အမေ ရိကန်အမျိုးသမီးအမတ် ၁၂တို့ မှတင်ပြ၏။

**စာမျက်နှာ ၁၃ သို့**

**စာမျက်နှာ ၈ မှ**

"ဘယ်နေရာရောက်ရောက် ငါ့တိုင်းရင်းသားတွေ တသွေးတသားတည်းဖြစ်ရမယ်ဆိုတဲ့ စိတ်နဲ့ အနာဂတ်ခေါင်းဆောင်တွေ ပေါ်ထွန်းစေချင်တာ အတီးစေတနာပါ။ ဒါကြောင့် ၂၃ နှစ်မြောက်ရစ်လေးလုံး လူထုအရေးတော်ပုံစိတ်ဓာတ်ကို လူငယ်တွေ လက်ဆင့် ကမ်းယူသွားကြပါ" လို့ တီးလှရွှေ က ပြောခဲ့ပါတယ်။

ကွမ်းသွေးစွန်းနေတဲ့ တီးလှရွှေက သန့်စင်တဲ့ အပြုံးနဲ့ ကျမတို့အားလုံးကို နှုတ်ဆက်ပါတယ်။ "ရှစ်လေးလုံးက အတီးတို့ကို ဗမာနဲ့ စစ်အာဏာရှင်စနစ်ကို ခွဲခြားပြလိုက်တာ" လို့လည်း လိုက်လိုက်လှဲလှဲပြောပါသေးတယ်။

အဖွဲ့စည်းအသီးသီးက တာဝန်ရှိသူတွေလည်း အမှတ်တရ စကားပြောခဲ့ပါတယ်။ ကျောင်းသားတပ်မတော် ABSDF ရဲဘော်တွေအကြောင်းကို ဒုက္ခသည်ဖြစ်မှ ကျမတို့ နက်နက်ရှိုင်းရှိုင်းသိခွင့်ရခဲ့ပါတယ်။ ကျောင်းသားတပ်မတော်အကြောင်း ကျိုက်ဒုံဒေသခံပြည်သူတယောက်က ကျမကို ပြောပြတယ်။

" ကျမက ကျိုက်ဒုံက၊ အဇင်းကျိုက်ဒုံကို ကျောင်းသားတွေရောက်လာတော့ ကျမတို့က ငယ်သေးတယ်။ အပျိုပေါက်တွေပေါ့။ မိဘတွေက ဘယ်အရပ် ဘယ်ဇာတိက လာတဲ့သူတွေ မသိဘူးနော်။ စိတ်မဝင်စားရဘူးလို့ သတိပေးတယ်"

" တက္ကသိုလ် ကျောင်းသားကျောင်းသူတွေ ဖြူဖြူနွဲ့နွဲ့လေးတွေ။ မခံချင်စိတ်နဲ့သာ လာကြတာ။ တောဒဏ်ဘယ်ခံနိုင် မလဲ သရက်ကင်းရိုက်ချသလို တဖြုတ်ဖြုတ်ပဲ။ ငှက်ဖျားကြောင့်လည်း သေတယ်။ တိုက်ပွဲကြောင့်လည်း သေတယ်။ ဖျားနာရင် ဆေးဝါးမရှိဘူး တိုက်ပွဲမရှိရင် အဇင်း၊ ကျိုက်ဒုံရွာထဲ နေကြတယ်။ ရွာခံတွေက ကြွေးရတယ်"

" ၁၉၉၇ မှာ ကျိုက်ဒုံကို စစ်တပ်သိမ်းတော့ တပ်မ ၂၂၊ အဇင်းဘက် ပတ်သိမ်းတော့ တပ်မ ၄၄၊ ကျောင်းသားတွေက ပြောတယ်။ ရှစ်လေးလုံးအရေးတော်ပုံမှာ သတ်တာတပ်မ ၂၂၊ ခုရေစက်ဆုံရပြန်ပြီတဲ့။ လက်ကုန်ပဲ။ ကျောင်းသားတွေ အိမ်က ထွက်လာတော့ ငယ်ငယ်လေးတွေ။ ကျောင်းသား တပ်မတော် ဝတ်စုံနဲ့ ဘက်တံဆိပ်က ခွပ်ဒေါင်းအလံ။ ယောကျ်ားမိန်းမ ဘယ်သူ့ကို ကြည့်ကြည့် ကြည့်ရတာအားရှိတယ်။ ခုသူတို့နဲ့ကျမရေစက်ပဲ။ ဒုက္ခသည်အဖြစ်နဲ့ခုလာတွေ့ နေရတာလေ" တဲ့။ တကယ့်ဘဝတွေပါပဲ။

ABSDF ရဲဘော် ကိုဝင်းဦးက ရှစ်လေးလုံးမှာ သွေးမြေကျ၊ အကျဉ်းကျ၊ ကျောင်းတွေပိတ်၊ ခေါင်းလောင်းသံတိတ် အင်ဂျင်နီယာဖြစ်ချင်တဲ့သူ သူပုန်ဖြစ်ခဲ့ရတယ်တဲ့။ ရခိုင်တိုင်းရင်းသား ဦးကျော်ဟန်ကတော့ လက်နက်ကိုင်တော်လှန်ရေးနဲ့ လူထုတိုက်ပွဲ ပေါင်းစပ်နိုင်ရမယ်တဲ့။ နိုင်ငံရေးအကျဉ်းသားဟောင်း ကိုကျော်တင်ဦးကတော့ အရေးတော်ပုံတွေကြောင့် စစ်အာဏာရှင်တွေ တုန်လှုပ်ပြောင်းလဲရတာကို သမိုင်းဖြစ်စဉ်တွေနဲ့ ပြောသွားခဲ့တယ်။

ကိုသန်းဦးမြင့်၊ ကိုကျော်ကျော်၊ ဆရာတော်ဦးဩဘာ၊ ဒေါ်ကျင်ကျင်ဝင်းတို့ရဲ့ အမှတ်တရစကားတွေကလည်း ကျမတို့ကို စိတ်ခွန်အားဖြစ်စေခဲ့ပါတယ်။ ထူးထူးခြားခြား ကဗျာကို ဟော်လို ဂစ်တာတီးပြီး ရွတ်ဆိုသွားသူက ကဗျာဆရာ ကိုအောင်ဖြိုးပါ။

ကဗျာစာသားတွေက ထိမိလွန်းလို့ ကျမတို့အားလုံး ငြိမ်သက်သွားကြရတယ်။ ရှစ်လေးလုံးအပြီး သူခံစားမိတာအလုပ်လက်မဲ့တွေများလာတယ်။ မိဘမဲ့ကလေးတွေ များလာတယ်။ AIDS ရောဂါသည်တွေများလာတယ်။ ဒုက္ခသည်တွေများလာတယ်တဲ့။ ခံစားချက် အပြည့်နဲ့ "၂၃ နှစ်လုံးလုံး လွယ်ထားကြတဲ့ကဗျာ" ကို ကျမတို့ ပိုမိုခံစားနိုင်ကြတယ်။ ကျမတို့ကိုယ်တိုင်ဒုက္ခသည်တွေကိုး။ ကဗျာဆရာလင်းဆက်နောင်ကတော့ မခံမရပ်နိုင်နဲ့ "ငြိမ်းချမ်းရေးဆိုတာ သေချင်းတရားတွေလား" လို့ အလင်္ကာသီကြူးခဲ့တယ်။

အခမ်းအနား ပြီးဆုံးကြောင်း မကြေညာခင်မှာ ကရင်အမျိုးသားလူငယ်တွေကို အခမ်းအနားကျင်းပရေးကော်မတီမှ မေတ္တာရပ်ခံပန်ကြားခဲ့တယ်။ ကရင့် ကျောင်းသားလူငယ်တွေ ရင်ထဲ စစ်အာဏာရှင်စနစ်နဲ့ ဗမာလူမျိုးခွဲခြား မြင်ပေးဖို့နဲ့ စစ်အာဏာရှင်စနစ်ကြောင့် ကျဆုံးသွားရတဲ့ ကျောင်းသားလူငယ်တွေအတွက် ဂုဏ်ပြုပေးဖို့ကရင့် အမျိုးသားသီချင်းသီဆိုပေးစေချင်တဲ့ အကြောင်းပါ။

၂၃ နှစ်မြောက် ရှစ်လေးလုံး လူထုအရေးတော်ပုံ အခမ်းအနားမှာ ကရင့်ကျောင်းသားလူငယ်တွေ သူတို့ရဲ့ အမျိုးသားသီချင်းကို သီဆိုပေးပြီး "စစ်အာဏာရှင်စနစ်ကျဆုံးပါစေ" "ရှစ်လေးလုံးစိတ်ဓာတ် အဓွန့်ရှည်ပါစေ" လို့ကြွေးကြော်ခဲ့ပါတယ်။

"အနာဂတ်ကိုရင်ဆိုင်ဖို့ ခွန်အားဟာ အတိတ်က ဒဏ်ရာတွေဆီမှာရှိတယ်" တဲ့။

---

# မြန်မာနိုင်ငံကို အမေရိကန်စုံစမ်းလို

**VOA ၊ ဩဂုတ်လ ၁၁ ။** ။မြန်မာနိုင်ငံမှာ လူသားမျိုးနွယ်တွေအပေါ် ကျူးလွန်နေတဲ့ ပြစ်မှုတွေရှိတယ်လို့ စွပ်စွဲပြောဆိုနေတာနဲ့ ပတ်သက်ပြီး နိုင်ငံတကာကော်မရှင်တရပ်ဖွဲ့ပြီး စုံစမ်းစစ်ဆေးဖို့ကိစ္စကို မဟာမိတ်နိုင်ငံတွေကြားမှာ ထောက်ခံမှုရအောင် လုပ်ဆောင်နေတယ်လို့ အမေရိကန် ပြည်ထောင်စုက ပြောလိုက်ပါတယ်။

အမေရိကန်လွှတ်တော်ရဲ့ အမျိုးသမီး အထက်လွှတ်တော်အမတ်အုပ်စုက မြန်မာစစ်တပ်ဟာ အဓမ္မပြုကျင့်မှုတွေကို လက်နက်သဖွယ်အသုံးချပြီးတော့ အမျိုးသမီးတွေအပေါ်မှာ ကျူးလွန်နေတယ်လို့ စွပ်စွဲလိုက်ပြီး အဲဒီလို စွဲချက်တွေအပေါ်မှာ စုံစမ်းစစ်ဆေးရေးကော်မရှင်တရပ်ဖွဲ့ပြီး စစ်ဆေးနိုင်ဖို့အတွက်ကို ထောက်ခံဖို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Hillary Clinton ကို တိုက်တွန်းလိုက်ပါတယ်။

ဒီကိစ္စအပေါ်မှာ တာဝန်ယူမှုရှိဖို့ အတွက်ကို အမေရိကန်က လုပ်ဆောင်နေတယ်လို့ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ပြောခွင့်ရပုဂ္ဂိုလ် Victoria Nuland က ကြာသပတေးနေ့မှာ ပြောကြားလိုက်ပါတယ်။

အမေရိကန်နိုင်ငံအနေနဲ့ မြန်မာအစိုးရရဲ့ အဓမ္မပြုကျင့်မှုနဲ့ အတင်းအဓမ္မ လုပ်အားပေးခိုင်းစေမှုတွေ အပါအဝင် အကြမ်းဖက်မှုတွေ ကျူးလွန်နေတယ်ဆိုတဲ့ စွဲချက်တွေနဲ့ပတ်သက်ပြီး ထပ်ခါတလဲလဲ စိုးရိမ်မိတဲ့အကြောင်း သူမက ပြောကြားခဲ့ပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကလင်တန်ကို ဗုဒ္ဓဟူးနေ့က ပေးပို့လိုက်တဲ့အစီရင်ခံစာထဲမှာ မြန်မာနိုင်ငံမြောက်ပိုင်းမှာ ကချင်လက်နက်ကိုင် တပ်တွေနဲ့ဖြစ်နေတဲ့ တိုက်ပွဲတွေအတွင်း မြန်မာစစ်တပ်ဟာ ကချင်အမျိုးသမီး ၁၈ ယောက်ကို အဓမ္မပြုကျင့်ခဲ့တဲ့ အကြောင်းကိုပါ ထည့်သွင်းဖော်ပြခဲ့တယ်လို့ အထက်လွှတ်တော်အမတ်တွေကပြောပါတယ်။ ဒါ့အပြင် ကချင်ဒေသနဲ့ ကပ်လျက်ရှိတဲ့ရှမ်းပြည်နယ်မှာလည်း အလားတူ အစီရင်ခံစာတွေရှိခဲ့တယ်လို့ ပြောပါတယ်။



# သတင်းတိုထွာဖတ်စရာ

ဝမျှဝိဝမျး

## စုံစမ်း စစ်ဆေးဖို့ ထပ်မံတောင်းဆို

၁၉၈၈ အရေးအခင်းအတွင်း လူအမြောက်အများသေဆုံးခဲ့ရမှုအပါအဝင်စစ်ရာဇဝတ်မှုများနဲ့ လူသားမျိုးနွယ်ပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကို စုံစမ်းစစ်ဆေးဖို့ Christian Solidarity Worldwide အကြီးအကဲ Ben Rogers က တောင်းဆိုလိုက်ပါတယ်။ UN Commission of Inquiry ကိုလည်း အမြန်ဆုံးစတင်ဖွဲ့စည်းဆောင်ရွက်ဖို့လိုပြီးဖြစ်ကြောင်းလည်း Ben Rogers ကတိုက်တွန်းပြောဆိုလိုက်ပါတယ်။ (Asiantribune - August 08, 2011)

## ဥက္ကဋ္ဌရာထူးနဲ့ မထိုက်တန်သေး

၂၀၁၄ အာဆီယံဥက္ကဋ္ဌရာထူးနဲ့ မထိုက်တန်သေးကြောင်း မြန်မာ့အရေးဆောင်ရွက်နေတဲ့ အာဆီယံအမတ်များအဖွဲ့ AIPMC မှ ပြောဆိုလိုက် ပါတယ်။ လူ့အခွင့်အရေးအလွန်အကျွံချိုးဖောက်နေတဲ့ အရပ်သားတဖြစ်လဲ စစ်အစိုးရကို အာဆီယံဥက္ကဋ္ဌရာထူးနေရာမပေးရေး အာဆီယံခေါင်းဆောင်တွေကို တိုက်တွန်းပြောဆိုဖို့ AIPMC ဥက္ကဋ္ဌက Eva Kusuma Sundari က အင်ဒိုနီးရှားသမတ Mr.Susilo Bambang Yudhoyono ကို ပြောဆိုလိုက်တာဖြစ်ပါတယ်။ (The Jakarta Post - August 09, 2011)

## ဗိုလ်ချုပ်ကြီးများ ပါဝါပြိုင်

တပ်တွင်း အစည်းအဝေးတခုမှာ ဗိုလ်ချုပ်တင်အောင်မြင့်ဦး (ရှစ်လုံး)နဲ့ ဗိုလ်ချုပ်မင်းအောင်လှိုင်တို့ အချင်းများကြရာ တဦးနဲ့တဦးအပြန်အလှန် ကြုံးဝါးကြတယ်လို့ဆိုပါတယ်။ ကချင်တိုက်ပွဲမှာ မင်းအောင်လှိုင် ကိုင်တွယ်တာပြော့ညံ့လို့ တင်အောင်မြင့်ဦးက ဒေါသတကြီးနဲ့ ကြိမ်းမောင်းတယ်လို့ဆိုပါတယ်။ မင်းအောင်လှိုင်ကလည်း ကျုပ်က ကာကွယ်ရေးစီးချုပ်ဆိုတာ မမေ့နဲ့လို့ ပြန်ကြုံးဝါးတယ်လို့ အတော်လေး တင်းတင်းမာမာဖြစ်ခဲ့တယ်လို့ ပေါက်ထွက်လာတဲ့ တပ်တွင်းသတင်းများကဆိုပါတယ်။ (Intrernet - August 12, 2011)

## ကျနော် ငိုပါရစေဗျာ

အစိုးရသစ်ရဲ့ သတင်းစာရှင်းလင်းပွဲကို ဩဂုတ်လ ၁၂ နေ့က နေပြည်တော်မှာလုပ်ပါတယ်။ ဒီမှာ သတင်းထောက်တယောက်က မြစ်ဆုံရေကာတာကိစ္စအများက ကန့်ကွက်နေကြပြီ၊ အဲဒါလယ်လိုဆက်လုပ်မလဲပေါ့။ မေးတော့ ကိုကျော်ဆန်းက တပ်မတော်အစိုးရဟာ ၁၉၈၈ ကတည်းက ဒုက္ခခံခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲတွေကလည်း အနစ်နာခံပြီး လုပ်ဆောင်ခဲ့ပါတယ်။ ရေဝတီဖြစ်ကြီးပျက်စီးမယ့်ကိစ္စ ကျနော်တို့လည်း မလုပ်ပါဘူး၊ အမေရိကန်လို နိုင်ငံကြီးတွေက ဗိန္ဒပ်ပြီး… အဲဒီမှာတင် စကားရပ်သွားပြီး ငိုချတော့တာပါပဲဗျာ၊ စိန်အောင်မင်းတောင် အရှုံးပေးရမယ်။ (VOB - August 13, 2011)

## အာဆီယံဒေသ စီးပွားရေးကိုအားကျ

အာဆီယံဒေသရဲ့ စီးပွားရေးတဟုန်ထိုးတိုးတက်နေမှုအပေါ် ဆွေးနွေးမှုတွေပြုလုပ်လိုကြောင်း ပြောလာတဲ့နိုင်ငံတွေရှိလာတယ်လို့ အင်ဒိုနီးရှားကုန်သွယ် ရေးဝန်ကြီး Iman Pambagyo ကပြောပါတယ်။ Argentine, Brazil, Paraguay, Uruguay, Turkey and Pakistan စတဲ့ နိုင်ငံတွေကအာဆီယံနိုင်ငံတွေနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်တဲ့အတွက်တွေ့ဆုံဆွေးနွေးလိုကြောင်း ကမ်းလှမ်းတယ်လို့ဆိုပါတယ်။ (Xinhua - August 11, 2011)

## ဒေါ်လာငွေလဲနှုန်း တရားဝင်သတ်မှတ်ရေး

မြန်မာအရပ်သားအစိုးရရဲ့ အကူအညီတောင်းခံမှုကြောင့် ငွေကြေးလဲလှယ်နှုန်းဆိုင်ရာကိစ္စကို အကူအညီပေးဖို့ IMF မှ သဘောတူလက်ခံလိုက်ပါတယ်။ မြန်မာကျပ်ငွေနဲ့ ဒေါ်လာငွေလဲနှုန်း တရားဝင်သတ်မှတ်ရေး ကူညီဆောင်ရွက်ပေးဖို့ဖိတ်ခေါ်တာကိုအကူအညီပေးမှာဖြစ်ကြောင်း IMF ပြောခွင့်ရ Gita Bhatt က ပြောဆိုတာဖြစ်ပါတယ်။ ဒီလိုအကူအညီတောင်းခံပါက မြန်မာအစိုးရအနေနဲ့ IMF ရဲ့ပေါ်လစီ ဘောင်အတွင်းမှာရှိနေသင့်တယ်လို့သုံးသပ်သူတွေရှိပါတယ်။ (Reuters - August 08, 2011)

## အတို့အထောင်ချွန်တဲ့ မြို့တော်ဝန်

ယခုမန္တလေးမြို့တော်ဝန် ဘုန်းဇော်ဟန်သည် ယခင်တိုင်းမှူးဘဝက သူနဲ့ပြဿနာဖြစ်ခဲ့ဘူးတဲ့ ဗိုလ်ချုပ်တင်ငွေကို သူ့သူငယ်ချင်းဖြစ်တဲ့ ကာကွယ်ရေးဦးစီးချုပ်ကို သတင်းပေးလို့ ဗိုလ်ချုပ်တင်ငွေ လာဘ်စားမှုနဲ့ အစစ်ခံရပြီး ရာထူးမှထုတ်ပစ်ခံလိုက်ရပါတယ်။ ဒီအတိုင်းပဲ မန္တလေးတိုင်း ဝန်ကြီးချုပ် ဦးရဲမြင့်ကိုလည်းသတင်းပေးတိုင်တန်းလို့ ရာထူးက ပြုတ်တော့မယ်လို့ဆိုပါတယ်။ အချင်းစားခွက်လုတဲ့ကိစ္စလို့ဆိုချင်တယ်။ (Intrernet - August 12, 2011)

## ပဲခူးမြို့ ရေလွှမ်း

ပဲခူးမြို့တခွင်မှာ မြစ်ရေလျှံလို့ မြို့နေရာ အတော်များများမှာ ရေလွှမ်းသွားပါတယ်။ နှစ်ပေါင်းများစွာအတွင်း အခုလို ရေကြီးမှုဟာ ပထမဆုံးအကြိမ်ဖြစ်တယ်လို့ ဆိုပါတယ်။ ရန်ကုန် မန္တလေးအဝေးပြေးလမ်းမကြီးပေါ် ကီလိုမီတာ ၃၁ အကျယ်မှာရေလွှမ်းသွားလို့ အဝေးပြေးကားတွေ ကုန်ကားတွေအားလုံး ရပ်ဆိုင်းထားရပါတယ်။ တချို့နေရာတွေမှာ တမိတာခွဲအထိရေတွေမြင့်တက်နေလို့ လူနေအိမ်ခြေအများအပြား ရေလွတ်ရာနေရာများကို ပြောင်းရွှေ့နေကြရတယ်လို့ဆိုပါတယ်။ (Xinhua - August 11, 2011)

## တာ့ဆန်းက တရုတ်တွေ ပြည်တော်ပြန်

တာ့ဆန်းက တရုတ်အင်ဂျင်နီယာတွေတော့ ပြန်သွားကြလို့ တာ့ဆန်းရေကာတာဆောက်လုပ်ရေးရပ်ဆိုင်းသွားပါပြီ၊ ရှမ်းပြည်နယ်အတွင်းက လက်နက်ကိုင်အဖွဲ့တဖွဲ့တရုတ်အင်ဂျင်နီယာ ၃ ဦးနဲ့ဘာသာပြန်တဦးအား ဖမ်းဆီးထားပြီး ဆည်ကိုဆက်မလုပ်ဖို့ တောင်းဆိုပါတယ်။ ဒီတောင်းဆိုချက်ကို လိုက်လျောလို့ ဖမ်းဆီးထားတဲ့ ၄ ယောက်ကို ပြန်လွှတ်ပေးလိုက်ပါပြီ၊ သူတို့အားလုံးတရုတ်ပြည်ပြန်ရောက်သွားပါပြီ။ (ရှမ်းသံတော်ဆင့် - August 12, 2011)

# ပြည်တွင်းငြိမ်းချမ်းရေး အဖြေရှာဖို့ လွှတ်တော် ကိုယ်စားလှယ်တွေ တိုက်တွန်း

VOA ၊ **ဩဂုတ်လ ၉** ။ ။ မြန်မာနိုင်ငံ တိုင်းရင်းသား ဒေသတွေမှာ ဖြစ်ပွားနေတဲ့ စစ်မက်ပြဿနာတွေနဲ့ပတ်သက်ပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေနဲ့ အပစ်အခတ်ရပ်စဲဖို့နဲ့ ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းနေတဲ့သမ္မတဦးသိန်းစိန်အစိုးရရဲ့ လုပ်ဆောင်ချက်တွေကိုအသိအမှတ်ပြုပေမဲ့ ဒီပြဿနာတွေဖြစ်ရတဲ့ အဓိကဇာစ်မြစ်ကို အမှန်အတိုင်းသိဖို့ လိုအပ်တယ်လို့ လွှတ်တော်ကိုယ်စားလှယ်တချို့က ထောက်ပြခဲ့ကြပါတယ်။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့မကြာသေးခင်က ထုတ်ပြန်ခဲ့တဲ့ အိတ်ဖွင့်ပေးစာကိုရည်ညွှန်းပြီး ဩဂုတ်လ ၈ ရက်နေ့ နေ့စွဲနဲ့ ထုတ်ပြန်ခဲ့တဲ့ လွှတ်တော်ကိုယ်စား လှယ်တွေရဲ့ အိတ်ဖွင့်ပေးစာထဲမှာအခုလိုထောက်ပြခဲ့ကြတာပါ။ဒါ့အပြင် KIAကချင်လွတ်မြောက်ရေးတပ်မတော်ရဲ့ အရပ်သားတွေအပေါ်တိုက်ခိုက်မှုတွေနဲ့ပတ်သက်လို့လည်းပြစ်တင်ရှုတ်ချထားပါတယ်။အပြည့်အစုံကိုမနန္ဒာချမ်းက တင်ပြပေးထားပါတယ်။

အဓိကကတော့ တိုင်းရင်းသား ဒေသတွေမှာ လက်ရှိဖြစ်နေတဲ့ ပဋိပက္ခတွေနဲ့ ပတ်သက်ပြီးတော့ ၂၀၁၀ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့တဲ့ နိုင်ငံရေး ပါတီတွေက လွှတ်တော်ကိုယ်စားလှယ် ၂၃ ယောက်ကနေ ဩဂုတ်လ ၈ ရက် တနင်္လာနေ့က အိတ်ဖွင့်ပေးစာထုတ်ပြန်ခဲ့တာပါ။

ဒီစာထဲမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိစ္စ အစိုးရရဲ့ ဆောင်ရွက်ချက်တွေနဲ့ ပတ်သက်ပြီး အသိအမှတ်ပြုကျေးဇူးတင်ကြောင်း၊ ဒါပေမဲ့လည်း အစိုးရခေတ်အဆက်ဆက်လုပ်ဆောင်ခဲ့တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေဟာအောင်မြင်မှုမရှိတာကြောင့်ဒီလိုလက်နက်ကိုင်ပဋိပက္ခတွေ ဘာကြောင့်ဖြစ်ပွားရတယ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအနေနဲ့ ဘာကြောင့် ဒီလို လက်နက်ကိုင်တော်လှန်နေတယ်ဆိုတဲ့ အဓိကအရင်းခံကို သိဖို့လိုအပ်ကြောင်း၊ ဒါမှသာ ငြိမ်းချမ်းရေးကို အောင်အောင်မြင်မြင် ဖော်ဆောင်နိုင်မှာ ဖြစ်တယ်လို့ ထောက်ပြထားပါတယ်။

ဒါနဲ့ပတ်သက်ပြီး လက်မှတ်ရေးထိုးတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေထဲက တဦးဖြစ်တဲ့ ကွန်ဟိန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုက...

"ကျမတို့အနေနဲ့ ဒီဥစ္စာ ငြိမ်းချမ်းရေးအတွက် အစိုးရလုပ်တာကလည်းအောင်မြင်စေချင်တယ်။နောက် သူတို့ပေါ်လစီ၊ သူတို့မူအရငြိမ်းချမ်းရေးလုပ်တာတော်တော်လေးကြာနေပြီ။ဟိုးအရင်အစိုးရလက်ထက်ကတည်းကပေါ့။ အဲဒီ အရင်အစိုးရ လက်ထက်ကတည်းက ငြိမ်းချမ်းရေးမှုတွေလုပ်လာခဲ့တာ အခုအနေအထားအထိကိုဘာမှမတိုးတက်လာသေးဘူး။အခုအချိန်ထိ ဘာမှမတိုးတက်လာသေးတဲ့တွက်ကြောင့် ငြိမ်းချမ်းရေးမှုတွေ တိုးတက်လာစေချင်တယ်။ နောက် တိုင်းရင်းသားနဲ့ အစိုးရကြားမှာရှိတဲ့ အထင်လွဲမှားမှုတွေ၊ သံသယတွေ အကုန်လုံးကင်းပျောက်စေချင်တယ်။ ဒီလို ကင်းပျောက်မှပဲ သူတို့အချင်း ချင်းကစေ့စပ်ညှိနှိုင်းနိုင်မယ်ပေါ့။ ကျမတို့ရဲ့ ရည်ရွယ်ချက်ကတော့အဲဒါ ပဲ။"

ဒီပြဿနာတွေကိုအစိုးရသစ်လက်ထက်မှာဖြေရှင်းနိုင်ဖို့လည်း လွှတ်တော်ကိုယ်စားလှယ်တွေကမျှော်လင့်နေကြတာပါ။လက်ရှိကျင်းပနေတဲ့ လွှတ်တော်အစည်းအဝေးတွေ အတွင်းမှာလည်း တိုင်းရင်းသားနဲ့ နိုင်ငံရေးကိုယ်စားလှယ်တွေက ဒီကိစ္စကို ဆွေးနွေးနိုင်အောင် ကြိုးပမ်းနေကြတယ်လို့ လွှတ်တော်ကိုယ်စားလှယ်တဦးက ပြောပြပါတယ်။ ဒါ့အပြင် အခု လွှတ်တော်အမတ်တွေ ထုတ်ပြန်ခဲ့တဲ့ အိတ်ဖွင့်ပေးစာဟာ ဇူလိုင်လ ၂၈ ရက်နေ့က လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ရဲ့ သမ္မတဦးသိန်းစိန်ထံ ပေးပို့တဲ့စာကိုလည်း တုံ့ပြန်တဲ့အနေနဲ့ ရည်ရွယ်ထုတ်ပြန်တာ ဖြစ်တယ်လို့ ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က တိုင်းရင်းသားဒေသတွေမှာ အပစ်အခတ်ရပ်စဲဖို့နဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ပံ့ပိုးဖို့အတွက် ကိုယ်စွမ်းရှိသရွေ့ ပါဝင်ကြိုးပမ်းဖို့ အဆင်သင့်ရှိတဲ့အကြောင်း ပြောဆိုထားတာဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဒီကမ်းလှမ်းချက်ကိုပဲ မကြာသေးခင်က နေပြည်တော်မှာ ပြည်တွင်းငြိမ်းချမ်းရေးကော်မရှင်ဖွဲ့ဖို့တင်ပြခဲ့တဲ့ ၂၀၁၀ ရွေးကောက်ပွဲရွေးချယ်ခံရတဲ့တိုင်းရင်းသားညီနောင် ၅ ပါတီနဲ့ တစည တိုင်းရင်းသားစည်းလုံးညီ ညွတ်ရေးပါတီတို့ကလည်း မူအားဖြင့် ပူးပေါင်း ဆောင်ရွက် နိုင် တယ်လို့ တုံ့ပြန်ခဲ့ကြပါတယ်။

ဖွန်လထဲကစလို့ မြန်မာစစ်တပ်နဲ့ တိုက်ပွဲတွေ ဖြစ်ပွားနေဆဲဖြစ်တဲ့ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နဲ့ ပဋိပက္ခတွေ အတွင်း မကြာသေးခင်ကပဲ ကချင်လက်နက်ကိုင် အဖွဲ့တွေရဲ့ပစ်ခတ်မှုကြောင့် အရပ်သားတွေ သေဆုံးခဲ့ရတဲ့ကိစ္စအပေါ်မှာလည်း လွှတ်တော်ကိုယ်စားလှယ်တွေက ကန့်ကွက်ခဲ့ကြပါတယ်။ KIA ရဲ့ပြောခွင့်ရသူ ဦးလနန်ကတော့ အဖွဲ့ရဲ့ သဘောထားကို အခုလိုပြောဆိုခဲ့ပါတယ်။

"အဲဒီပစ်ခတ်မှုက ဖြစ်သွားတာတော့ မှန်ပါတယ်။ ဒါပေမဲ့ အဲဒီဖြစ်တဲ့နေရာက အများပြည်သူ သွားလာနေတဲ့လမ်းပေါ်မှာ ဖြစ်တာမဟုတ်ဘူး။ တာပိန် ရေအားလျှပ်စစ်ကို ဝင်သွားတဲ့ လမ်းကြားထဲမှာ ဖြစ်သွားတဲ့ကိစ္စပါ။ အဲဒီအထဲက စစ်မက်ဖြစ်ပွားတဲ့ နေရာလည်းဖြစ်တယ်၊ တိုက်ပွဲတွေ စတင်ဖြစ်လာတဲ့ နေရာဒေသလည်းဖြစ်တယ်။ အခုလိုမျိုး ဒီပစ်ခတ်မှုကလည်း သူတို့ပြောတဲ့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ပျက်ပြားစေနိုင်တယ်ဆိုတာလည်း ဒါ သူတို့ရဲ့ ဆုံးဖြတ်ချက်ပဲဖြစ်ပါလိမ့်မယ်။

"အခုအထိဆိုရင် ငြိမ်းချမ်းရေး ဆွေးနွေးတယ်လို့ ကျနော်တို့ ပြောလို့မရသေးဘူး။ အခုကတော့ အပစ်အခတ် ရပ်ဆိုင်းရေးအတွက် နှစ်ဦးနှစ်ဘက် သဘောတူညီချက် ရဖို့အတွက် ကြိုးစားနေတာပါ။ သူတို့ပြောတဲ့ ငြိမ်းချမ်းရေးဆိုတဲ့ ဝေါဟာရကို ကျနော်တို့ အများကြီး စဉ်းစားပါတယ်။ သူတို့ပြောတဲ့ ငြိမ်းချမ်းရေးဆိုတာနဲ့ ကျနော်တို့လိုချင်တဲ့ ငြိမ်းချမ်းရေးကလည်း အများကြီး ကွဲပြားမှု ရှိပါတယ်။"

မြန်မာအစိုးရဘက်ကပြည်နယ်တည်ငြိမ်အေးချမ်းမှုညှိနှိုင်းရေးအဖွဲ့ ဗိုလ်မှူးကြီးသန်းအောင်ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့နဲ့ KIO ဘက်က ဗိုလ်မှူးချုပ် ဂွမ်မော်အပါအဝင် ၆ ဦးဟာ KIO ဌာနချုပ် လိုင်ဇာအနီး လဂျားယန်စခန်းတခုမှာ ဒီလဆန်းက တွေ့ဆုံခဲ့ကြတာဟာ နောက်ဆုံးဖြစ်ပြီး အဲ့ဒီ တွေ့ဆုံမှုအတွင်း အပစ်အခတ်ရပ်စဲရေးကိစ္စ ဆွေးနွေးခဲ့ကြပါတယ်။ လောလောဆယ် အခြေအနေအထိတော့ KIO နဲ့ မြန်မာအစိုးရကြားမှာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မရရှိသေးပါဘူး။

**ပြက္ခဒိန်မှ**

**ဩဂုတ် ၁၁ | Malaysian Digest || ||** ခိုလှုံသူဖလှယ်ရေးအစီအစဉ်အရ မလေးရှားတွင် ခိုလှုံသူ မြန်မာမှ ချင်းလူမျိုး ၁၃ ဦး ဩစတြေးလျားသို့ရောက်၏။

**ဩဂုတ် ၁၁ | Times of India || ||** အိန္ဒိယနိုင်ငံ Haryana ရှိ စေတီများ အခွန့်ရှည်ရေးလုပ်ရှားမှုတွင် ဒေါ်အောင်ဆန်းစုကြည်သည် ဦးသျှောင်လုပ်ရှားသူတဦး အဖြစ်ပါဝင်လာ၏။

**ဩဂုတ် ၁၁ | XNA || ||** ပဲခူးတွင် မြစ်ရေသည် စိုးရိမ်ရေမှတ်အထက်နှစ်ပေခန့်ကျော်လွန်နေကြောင်း။ ချင်းတွင်းမြစ်သည် မော်လိုက်၊ ရွှေကျင်မြစ်သည် ရွှေကျင်ဖက်၊ သံလွင်မြစ်သည် ဖါးအံဖက်တို့တွင်လည်း စိုးရိမ်ရေမှတ်ကျော်လွန်နေကြောင်း။ စပါးနှံများအတွက် စိုးရိမ်ရကြောင်း။

**ဩဂုတ် ၁၁ | Mizzima || ||** မြောက်ဥက္ကလာပတွင် လူထုမှမရွေးချယ်ဘဲ အစိုးရမှခန့်သည့်ကြံ့ဖွံ့အား လူ ၁၅၀ ခန့်ဆန္ဒပြကန့်ကွက်စာတင်ခြင်းဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံ သစ်နှင့် အစိုးရခန့်သူ၏ အဓိပ္ပါယ်များကို လူထုမှ သုံးသပ်ဝေဖန်လာနေကြောင်း။

**ဩဂုတ် ၁၁ | Asian Correspondent || ||** မြန်မာ၏ မေ ၂၀၀၈ ဆန္ဒခံယူပွဲအရ အတည်ပြုခဲ့သော မြန်မာနိုင်ငံတော်ဖွဲ့ စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် သဘော လွဲစေသော မှုများစွာနှင့်ပြည့်နေပြီး၊ မြန်မာသည် တိုင်းရင်းသားလူမျိုးများအပေါ် စိတ်ဝမ်းကွဲစေပြီး အုပ်ချုပ်သည့်စနစ်ကို ဆက်လက်သုံးနေကြောင်း ဇင်လင်းမှ သုံးသပ်ထောက်ပြ၏။

**ဩဂုတ် ၁၁ | DVB || ||** ဒေါ်အောင်ဆန်းစုကြည်သည် သူ၏ အကို ဦးအောင်ဆန်းဦးနှင့် ဖြစ်နေသောအမှုတွင် မိမိနိုင်မည်ဟုပြောခြင်းကို ရေးသားသည့် စာစောင်တို့ အား တရားရုံးအသရေညှိုးဖျက်မှုဖြင့် ဒေါ်အောင်ဆန်းစုကြည်မှ တရားစွဲမှုစွဲတင်ခဲ့ကြောင်း။

**ဩဂုတ် ၁၁ | VOA || ||** တရုတ်နှင့်ဆောက်နေသော ရေကာတာများကြောင့် မြန်မာတွင် ဆံရေစပါးရှားပါးလာကြောင်း ဒေါ်အောင်ဆန်းစုကြည်မှ ယနေ့ ဆို၏။

**ဩဂုတ် ၁၀ | TNA || ||** ထိုင်းရေတပ်သည် တရားမဝင် ဝင်လာသူ မြန်မာ ၅၅ ဦးအား ဖမ်းဆီးခဲ့၏။

**ဩဂုတ် ၁၂ | DVB || ||** နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးမှ နိုင်ငံအတွက် အကျိုးရှိတိုးတက်မှုများဖြစ်လာမည်ဟု ဒေါ်အောင်ဆန်းစုကြည်မှ ဦးအောင်ကြည်နှင့်ဒုတိယ အကြိမ်တွေ့ဆုံမှုပြုအပြီး မီဒီယာသို့ ဆို၏။

**ဩဂုတ် ၁၂ | DVB || ||** ယနေ့ကျရောက်သော ဖိဒ ကြိမ်မြောက် ကရင်အာဇာနည်နေ့ကို လွတ်မြောက်နယ်မြေတပ်မဟာ ဖိ တပ်ရင်း ၂၀၁ တွင် ကျင်းပခဲ့၏။

**ဩဂုတ် ၁၂ | DVB || ||** အမျိုးသားရင်ကြားစေ့ရေးအတွက် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံဆွေးနွေးမှုများကို ဆက်တိုက်လုပ်ဆောင်နေသလို အဲန်အဲလ်ဒီကို လည်း သိမ်မွေ့စွာကိုင်တွယ်ကြောင်း ဝန်ကြီးဦးကျော်ဆန်းမှ နေပြည်တော်တွင် အစိုးရသစ်၏ပထမဦးဆုံး သတင်းရှင်းပွဲတွင် ဆို၏။

**ဩဂုတ် ၁၂ | DVB, RFA || ||** Generation Wave (GW) သည် နိုင်ငံရေးအကျဉ်းသားများ ချက်ချင်းလွတ်မြောက်ရေးအတွက် ရန်ကုန်နှင့် မြို့နယ် ၃၂ ခုတို့ တွင် ဩ ပေ ၄ ပေခန့်ရှိ နိုင်ငံရေးအကျဉ်းကျ ရဟန်းပြည်သူများ၏ မျက်နှာဓါတ်ပုံများပါ ပိုစတာကင်ပိန်းပြုလုပ်၏။

**ဩဂုတ်၁၂ | VOA || ||** နိုင်ငံခြားငွေလဲလက်မှတ် FEC များကို မကြာမီ ရုတ်သိမ်းမည်ဟု အစိုးရမှဆို၏။

**ဩဂုတ် ၁၂ | DVB || ||** စစ်ဆေးရိုက်နှက်၍ နှိပ်စက်ခံခဲ့ရသူ ဗိုလ်ကြီးဟောင်းနေမျိုးဇင်အား အီလက်ထရောနစ် ဥပဒေပုဒ်မ ၃၃ (က) ဖြင့် စွဲချက်တင်ရန် ဩဂုတ် ၁၈ တွင် ရက်ချိန်းပေးကြောင်း ရှေ့နေဦးလှမျိုးမြင့်မှဆို၏။

**ဩဂုတ် ၁၂ | DVB || ||** တရားခွင့်တွင် တရားမျှတမှုမရှိခြင်းများကို သာဓကပြု၍ မြန်မာတွင် အရပ်သားအစိုးရအမည်တတ် ထားသော်လည်း၊ ဥပဒေစိုးမိုးရေး Rule of Law မရှိသေးဘဲ မိမိ အမှုသည် ကိုနေမျိုးဇင်သည် အမှုစစ်ဆေးစဉ် တရားခွင်တွင် ကြာမြင့်စွာတောက်လျှောက်မတ်တတ်ရပ် အစစ်ခံခဲ့ရကြောင်း။ သူ့အား အာမခံနှင့်လည်း လွှတ်မပေးကြောင်း။ရှေ့နေဦး လှမျိုးမြင့်မှဆို၏။

**ဩဂုတ် ၁၂ | DVB || ||** တာဆန်းရေကာတာ စီမံကိန်းမှ မေ ၉ တွင် ပျောက်ဆုံးခဲ့သော တရုတ်အင်ဂျင်နီယာ ၃ ဦးနှင့် စကားပြန်တဦးတို့အား အမည်မဖေါ်ဖမ်းဆီး ခဲ့သောအဖွဲ့မှ ဩဂုတ် ၈ တွင် ပြန်လွှတ်ပေးခဲ့ကြောင်း။

**ဩဂုတ် ၁၂ | RFA || ||** နိုင်ငံတည်ငြိမ်၊ အေးချမ်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် အစိုးရတို့ လက်တွဲဆောင်ရွက်မည်ဟု ဒေါ်အောင်ဆန်းစုကြည် နှင့် ဦးအောင်ကြည်တို့မှ ပူးတွဲထုတ်ပြန်၏။

**ဩဂုတ် ၁၂ | RFA || ||** ကနေဒါမှ Rod Germaine သည် မြန်မာစစ်ပြေးဒုက္ခသည်များအတွက် မိုင်လေးထောင် စက်ဘီးနင်းရံပုံငွေရှာရရှိသော အမေရိကန်ဒေါ်လာ သုံးသောင်းရရှိကြောင်း။

**ဩဂုတ် ၁၃ | BBC || ||** ကချင်ပြည်နယ် KIO, KIA တို့မှ စတင်ပစ်ခတ်သည့် ဦးကျော်ဆန်း၏ယမန်နေ့သတင်းရှင်းပွဲတွင် စွပ်စွဲချက်များမမှတ်ကြောင်းနှင့် မြန်မာစစ်တပ်မှ စတင်ပစ်ခတ်ခြင်းဖြစ်ကြောင်းကို KIO မှ တုန့်ပြန်၏။

# အာရှလမ်းမကြီးကြောင့် အင်မတန်လှပတဲ့မေမြို့ဟာ အကျည်းတန်ရတော့မှာလား

**VOB | ဩဂုတ်လ ၁၄ ||** ||အာရှလမ်းမကြီးအတွက် မြန်မာနိုင်ငံ ဖြတ်လမ်းမှာ မေမြို့မြို့လယ်ခေါင်းကိုလည်း ဖြတ်ဖောက်သွားမယ့်လို့ဆို ပါတယ်၊ ဒီစီမံကိန်းကို အေးရှဝေါးကုမ္ပဏီက တာဝန်ယူဖောက်လုပ်မှာ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မေမြို့ခံတဦးက အခုလိုပြောပြပါ တယ်။

"မြစ်ဆုံပြဿနာမှ မဖြေရှင်းရသေးဘူးဗျာ၊ မေမြို့ မြို့တွင်းကို လမ်းနယ်တိုင်တွေ လာစိုက်သွားတယ်။ ဖယ် ပေးရမယ်၊ ဖျက်ပေးရမယ် နောက်ဆုတ်ပေးရမယ်ဘာမှလည်းမပြောဘူး၊ AH 14 ASIAN HIGHWAY အာဆီယံလမ်းမကြီးအမှတ်(၁၄)ဖေါက်လုပ်ရန်အတွက် နေပြည်တော် ဝန်ကြီးဌာန၏ညွှန်ကြားချက်အရဆိုပြီး မှတ်တိုင်တွေစိုက်ထူလမ်းနယ် တွေ သတ်မှတ်လိုက်ပါတယ်။ ပြင်ဦးလွင်ကိုတော်တော် များများရောက် ဖူးကြမှာပါ။"

"မေမြို့မြို့လယ်ခေါင်က နာရီစင်လမ်းမကြီးကိုလည်း သိကြမှာပါ မန္တလေး-လားရှိုးလမ်းမကြီးလေ၊ အဲ့ဒီလမ်းမကြီးရဲ့ ဘေးတစ်ဖက်တစ် ချက်ဆီမှာ နေထိုင်လုပ်ကိုင်စားသောက်ကြတဲ့ တိုက်တာနေအိမ် အ ဆောက်အဦးတွေ ဆိုင်ခန်းတွေ အားလုံးဟာ ပေ (၂၀) ခန့် ဖျက်ပေးရ တော့မယ်၊ မေမြို့မြို့ဟာ အကျည်းတန်တော့မယ့် ကိန်းဆိုက်နေပြီဗျာ၊ အမြန်လမ်းမကြီးဆိုတာ မြို့လယ်ခေါင်က ဖြတ်စရာလားဗျာ၊ ပြောရရင် အရှည်ကြီးပါ၊ တော်တော်ပျက်စီးမှာပဲ၊ နိုင်ငံတော်အကြီးအကဲတွေ ပြန် စဉ်းစားဖို့တော့လိုမယ်ထင်တယ်။"

အရပ်သား ဒီမိုကရေစီအစိုးရလက်ထက်မှာ ဒီလိုမတရားမှုတွေ ကို တရားလက်လွှတ်မလုပ်သင့်ဘူးလို့ ဝေဖန်ပြောဆိုနေကြပါတယ်။

# မြန်မာအစိုးရ ပြောခွင့်ရအဖွဲ့ ဗဟိုချုပ်ကိုင်မှုအရ မဖွဲ့စည်းသင့်ဟု သုံးသပ်သူများရှိ

**VOA ၊ ဩဂုတ်လ ၁၁ ။** ။ မြန်မာအစိုးရက နိုင်ငံရဲ့အခြေအနေ အရပ်ရပ်ကို ထုတ်ပြန်နိုင်ဖို့ ပြောရေးဆိုခွင့်နဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့ တရပ်ကို ဖွဲ့စည်းလိုက်တယ်လို့ ဒီကနေ့ထုတ် သတင်းစာတွေမှာ ကြေညာလိုက်ပါတယ်။ အခုလို သတင်းထုတ်ပြန်ရေးအဖွဲ့တရပ်ဖွဲ့လိုက်တယ်ဆိုတာဟာ သတင်းတွေကို ဗဟိုချုပ်ကိုင်မှုစနစ်နဲ့ထိန်းချုပ်ထားဖို့ ဖြစ်သလို လွတ်လပ်ပြီး တိကျတဲ့သတင်းတွေ ဖြစ်မလာနိုင်ဘူးလို့ဝေဖန်မှုတွေလည်းရှိနေပါတယ်။ ဒီအခြေအနေအပြည့်အစုံကိုမသင်းသီရိက တင်ပြပေးထားပါတယ်။

နိုင်ငံရဲ့စီးပွားရေး၊ လုံခြုံရေးနဲ့ နိုင်ငံရေးရာ ကိစ္စတွေ အပါအဝင် စစ်ရေးနဲ့ သဘာဝဘေးအန္တရာယ်တွေကို သတင်းထုတ်ပြန်နိုင်ဖို့ပြောရေးဆိုခွင့်နဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့ ဖွဲ့စည်းလိုက်တယ်လို့ဒီကနေ့ထုတ် သတင်းစာတွေမှာ ကြေညာလိုက်တာပါ။ ဒီအဖွဲ့ကို ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်းခေါင်းဆောင်ပြီး ပြည်ထဲရေး၊ နိုင်ငံခြားရေးနဲ့အလုပ်သမားရေးဌာနက ဝန်ကြီးတွေအပြင် ရဲတပ်ဖွဲ့က ရဲချုပ်နဲ့အတူအဖွဲ့ဝင် ၁၁ ဦးနဲ့ ဖွဲ့စည်းလိုက်တာပါ။

တကယ်တော့ ဒီမိုကရေစီနိုင်ငံတခုမှာ နိုင်ငံရဲ့ ကိစ္စရပ်အားလုံးကို အဖွဲ့အစည်းတခုကပဲ ထိန်းချုပ်တာမျိုး မလုပ်သင့်သလိုအခုဖွဲ့လိုက်တဲ့ပြောရေးဆိုခွင့်အဖွဲ့ဆိုတာဟာသတင်းတွေကိုဗဟိုထိန်းချုပ်မှုစနစ်ဖြစ်နေတယ်လို့ ဝါရင့်သတင်းစာဆရာကြီးလူထုစိန်ဝင်းက ထောက်ပြပါတယ်။

"တကယ်တမ်း ဒီမိုကရေစီနိုင်ငံတခုမှာ ဆိုရင်တော့ သတင်းထုတ်ပြန်ရေးအဖွဲ့ဆိုပြီးတော့ သီးခြားဖွဲ့ပြီးတော့ တာဝန်ပေးနေစရာ မလိုပါဘူး။ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ဝန်ကြီးဌာနတိုင်းမှာ သက်ဆိုင်ရာ ဝန်ကြီးတွေ သို့မဟုတ် ထိပ်တန်းအရာရှိကြီးတွေဟာ ပြောခွင့်ရှိမယ်ဆိုရင် ဒီလိုအဖွဲ့မျိုးဖွဲ့စရာတောင်မလိုဘူး။ ဒီအဖွဲ့ ဖွဲ့တယ်ဆိုကတည်းကိုက အရင်အစိုးရအဖွဲ့က ဖွဲ့ခဲ့တာလည်း ဒီလူတွေပဲ ပါကြတာပဲ၊ ဒါကြောင့် ဘာအနေနဲ့တော့ သိပ်ပြီး ထူးမယ်မထင်ဘူး။

"သူတို့ ဝါဒဖြန့်ချင်တဲ့ ကိစ္စရှိရင် သတင်းစာ ရှင်းလင်းပွဲဆိုတာ လုပ်တယ်။ သူတို့ပြောချင်တာ ပြောမယ်၊ သူတို့မပြောစေချင်တာဆိုရင် မပြောရအောင် ဗဟိုကနေ ချုပ်ကိုင်ထားတဲ့ သဘောပဲ။ ဒီမိုကရေစီနိုင်ငံတွေမှာတော့ ဝန်ကြီးဌာနတိုင်း၊ အစိုးရအရာရှိကြီးတိုင်းဟာ သူတို့ဌာနနဲ့ ပတ်သက်လို့ရှိရင်လွတ်လွတ်လပ်လပ်ပြောခွင့်ရှိတယ်။ အဲဒါမှလည်း လွတ်လပ်တဲ့သတင်းတွေက စီးဆင်းပြီးတော့နေမှာ။ အခုလိုဗဟိုကနေချုပ်ကိုင်ထားတယ်ဆိုတော့ ဆင်ဆာလုပ်ပြီးသားသတင်းလောက်ပဲ ထုတ်မှာဖြစ်တယ်။ ပြည်သူတွေ တကယ်သိချင်တဲ့သတင်း မျိုးတော့ ထွက်လာမှာ မဟုတ်ပါဘူး။"

သတင်းစာဆရာကြီး လူထုစိန်ဝင်းပြောပြသွားတာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလို တရားဝင်အဖွဲ့အစည်းတွေ ပေါ်လာတာမို့ သတင်းလုပ်ငန်းတွေမှာ အနည်းငယ် လုပ်ရကိုင်ရအဆင်ပြေလာတာကလွဲရင် တခြားတိုးတက်လာမယ့်အခြေအနေ အများကြီးကိုတော့ မျှော်လင့်နိုင်စရာမရှိဘူးလို့ ပြည်တွင်းသတင်းထောက်လူငယ်တဦးက သုံးသပ်ပါတယ်။

"နည်းနည်းပါးပါး မျှော်လင့်နိုင်စရာတော့ ရှိပါတယ်။ အများကြီးတော့ သိပ်ပြီး တကယ်လွတ်လပ်ပြီးတော့ ပြောလို့ရမယ့်၊ မေးခွန်းတွေ မေးရတဲ့အတွက်တော့ သိပ်ပြီးထူးခြားလာမယ်လို့ မထင်ပါဘူး။သိပ်အများကြီး အထွေအထူးတော့ အပြောင်းအလဲမရှိပါဘူး။ လွတ်လပ်ခွင့်ပေးပေမဲ့ စည်းဘောင်တခုတည်းက ထိန်းသိမ်းသွားမယ်လို့တော့ထင်တယ်။ အပြောင်းအလဲ တခုရယ်လို့လည်း မမြင်ပါဘူး၊ ကျနော့်အမြင်ကတော့။ ဒီဟာက ဒီအတိုင်းပဲ သွားနေမှာပဲလို့ မြင်ပါတယ်။"

အရင် စစ်အစိုးရလက်ထက်ကလည်း အခုလို ပြန်ကြားရေးဝန်ကြီးအပါအဝင် သတင်းထုတ်ပြန်ရေးအဖွဲ့ဆိုတာ ရှိခဲ့ပေမဲ့ အဲဒီအဖွဲ့တုန်းကလည်း ဘာမှလုပ်ပိုင်ခွင့်မရှိခဲ့ဘူးလို့ ပြောကြပါတယ်။ အခုလည်း အရင်စစ်အစိုးရလက်ထက်တုန်းကပြန်ကြားရေးဝန်ကြီးဦးကျော်ဆန်းကပဲ အခုအဖွဲ့ထဲမှာ ပြန်လည်ဦးဆောင်ထားတာမို့ ဒီအဖွဲ့ဘယ်လောက်အထိ လုပ်နိုင်ခွင့်ရှိမလဲ၊ လုပ်ပိုင်ခွင့် ရှိမလဲဆိုတာစောင့်ကြည့်ဖို့လိုတယ်လို့ ပြည်တွင်းသတင်းအယ်ဒီတာတဦးက သုံးသပ်ပါတယ်။

"ကျနော်တို့နိုင်ငံမှာ အရင်ကလည်း ဒီလိုအဖွဲ့အစည်းတွေရှိခဲ့ဖူးပါတယ်။ ပြီးခဲ့တဲ့ စစ်အစိုးရ လက်ထက်မှာလည်း ပြန်ကြားရေးဝန်ကြီးအပါအဝင် အဲဒီလို သတင်းထုတ်ပြန်ရေးအဖွဲ့တွေ ရှိခဲ့ဖူးပါတယ်။ အဲဒီတုန်းကလည်း သတင်းစာရှင်းလင်းပွဲ တကြိမ်နှစ်ကြိမ်လုပ်ခဲ့တာ ကလွဲလို့ နောက်ပိုင်းမှာတော့ ဘာမှမထူးပါဘူး။ ပိုပြီးတော့ ဘာမှသိပ်ပြီးဆောင်ရွက်ပေးနိုင်တာ မရှိခဲ့ပါဘူး။ အဖွဲ့အစည်းတရပ်အနေနဲ့သာရှိပေမဲ့ တကယ်တမ်းကျတော့ ဘာမှ လုပ်ပိုင်ခွင့်သိပ်ရှိလှတာမဟုတ်ပါ ဘူး။"ဒါကြောင့် ဒီလိုအဖွဲ့အစည်း ပေါ်လာပေမဲ့ အများကြီးတော့ မမျှော်လင့်နိုင်ပါဘူး။ တခါတရံမှာ ဒီလို ပေါ်လာတဲ့အတွက် လုပ်ရကိုင်ရတာ အဆင့်တဆင့် ပိုသွားပြီး ပိုရှုပ်ထွေးတတ်တဲ့၊ ခက်ခဲတတ်တဲ့ သဘောသဘာဝတောင် ရှိပါတယ်။"

ပြည်တွင်းသတင်းအယ်ဒီတာတဦးရဲ့ သုံးသပ်ချက်ဖြစ်ပါတယ်။ မနေ့ ဩဂုတ်လ ၁၀ ရက်နေ့က ဒီအဖွဲ့ကို ဖွဲ့စည်းလိုက်တယ်လို့ ဒီကနေ့ထုတ် အစိုးရသတင်းစာတွေမှာ ဖော်ပြလိုက်သလို ဒီအဖွဲ့ဟာ မနက်ဖြန် ဩဂုတ်လ ၁၂ ရက် သောကြာနေ့မနက် နေပြည်တော်မှာ သတင်းစာရှင်းလင်းပွဲ လုပ်မှာဖြစ်ပါတယ်။ ဒါဟာ အရပ်သားအစိုးရတက်လာအပြီး ပထမဆုံးအကြိမ် အစိုးရရဲ့ သတင်းစာရှင်းလင်းပွဲပါ။

ဒီသတင်းစာရှင်းလင်းပွဲမှာ သတင်းသမားတွေဟာ မေးခွန်းတွေကို ဘယ်လောက်အထိ လွတ်လွတ်လပ်လပ် မေးနိုင်မလဲ၊ မေးလာတဲ့ မေးခွန်းတွေအပေါ်မှာ ဘယ်လိုအဖြေတွေ ရမလဲဆိုတာကြည့်ပြီး ဒီအဖွဲ့ရဲ့လုပ်ပိုင်ခွင့်ကို လေ့လာနိုင်မယ်လို့လည်း သတင်းသမားတွေက သုံးသပ်ကြပါတယ်။

---

**စာမျက်နှာ ၆ မှ**

စနစ်တခု ပေါ်ထွက်လာမယ့်အခါမှာ သဘောတရားတွေ အမြောက်အမြားပေါ်ထွက်လာတာဟာ ဘာမှမဆန်းဘူးလို့ဆိုနိုင်ပါတယ်။ ဒါပေမဲ့ ယူနီဖောင်းဝတ်တဲ့ဗိုလ်ချုပ်က အုပ်ချုပ်တဲ့စနစ်က နေပုဆိုး ဝတ်တဲ့ဗိုလ်ချုပ်က အုပ်ချုပ်တဲ့စနစ်ကိုပြောင်းတာကို သဘောတရားတွေ အမျိုးမျိုးထုတ်ပြနေကြတာဟာ ဘာအဓိပ္ပာယ်ပါလဲ။ သမ္မတဦးသိန်း စိန်ရဲ့ နောက်ကနေ ထီးရိုးရှည်ကို မြှောက်-မြှောက်ပြနေတာနဲ့ တူလှတယ်လို့ပဲဆိုချင်ပါတယ်။

# ရှမ်းစစ်ပြေးဒုက္ခသည်များ အကူအညီ အပူတပြင်းလိုအပ်နေ

**VOA | ဩဂုတ်လ ၁၁ ။** ။ ပြည်တွင်း ပြည်ပက နိုင်ငံရေးအဖွဲ့အစည်းတွေကနေ တနိုင်ငံလုံးငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးဖို့တောင်းဆိုနေချိန်မှာ တဘက်က ရှမ်းပြည်နယ်အတွင်း မြန်မာစစ်တပ်နဲ့ ရှမ်းပြည်တပ်မတော်တို့အကြား တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားနေဆဲလို့ ရှမ်းပြည်တပ်မတော်ခေါင်းဆောင်တွေက ပြောပါတယ်။ တိုက်ပွဲတွေကြောင့် မြို့နယ် ၉ ခုက ရွာသားတွေဟာ နီးစပ်ရာ နယ်စပ်ဘက်နဲ့တောတောင်တွေမှာ ထွက်ပြေးတိမ်းရှောင်နေရသလိုဒေသအတွင်း ဖြစ်ပွားတဲ့ရောဂါတွေကြောင့် သေဆုံးမှုတွေလည်းရှိနေတယ်လို့ဆိုပါတယ်။ ဒီစစ်ပြေးဒုက္ခသည်တွေဟာ သက်ဆိုင်ရာအကူအညီပေးရေးအဖွဲ့တွေရဲ့အကူအညီမရှိဘူးလို့လည်း ရှမ်းလူ့အခွင့်အရေးအဖွဲ့တွေကနေ ကြေညာချက်ထုတ်ပြန်ထားပါတယ်။ အပြည့်အစုံကို VOA ထိုင်းအခြေစိုက်သတင်းထောက်နိုင်ကွန်းအိန်က တင်ပြပေးထားပါတယ်။

ရှမ်းစစ်ပြေးဒုက္ခသည်တွေကိုနိုင်ငံတကာကသတိမူလာအောင်၊ အကူအညီတွေပေးလာအောင် အခုလိုကြေညာချက်ထုတ်ပြန်ခဲ့ရတယ်လို့ ရှမ်းလူ့အခွင့်အရေးအဖွဲ့ရဲ့ တာဝန်ခံတဦးဖြစ်သူ မယိန်းဖ်ဟွန်က ပြောပါတယ်။

"နိုင်ငံတကာရော နောက်ပြီးတော့ အိမ်နီးချင်းနိုင်ငံရော သိစေချင်တာပေါ့နော်။ အခုထိ တိုက်ပွဲဖြစ်နေတုန်းပဲ။ နောက်ပြီးတော့ စစ်ပြေးနေရတဲ့သူတွေက သူတို့တွေ့ကြုံနေရတဲ့ အခက်အခဲတွေကတော့ စားစရိတ်တွေမလုံလောက်ဘူး၊ ကျန်းမာရေးလည်း ထိခိုက်တယ်။ အခုဆိုရင် ဝမ်းလျှောရောဂါတို့၊ ငှက်ဖျားရောဂါတို့ဖြစ်တယ်။ နောက်ပြီးတော့ အမျိုးသမီးတွေကလည်း မုဒိမ်းကျင့်မှုခံရတယ်။ ပြီးခဲ့တဲ့ ၂ ရက်နေ့ ဩဂုတ်မှာလည်း ၂ ယောက် မုဒိမ်းကျင့်ခံရတယ်။ အဲဒီ ဝမ့်ဟိုင်းဒေသနားမှာပဲ။"

"ရွာသားတွေရဲ့ပစ္စည်းဥစ္စာတွေကို သိမ်းယူတယ်။ နောက်ပြီးတော့ ကျန်တဲ့ အစားအစာတွေ သိုလှောင်ထားတာတွေလည်း သူတို့က အကုန်လုံး လာယူသွားတယ်ဆိုတော့ သူတို့စားဖို့အတွက်မကျန်ဘူး၊ အဲဒီလို ဖြစ်နေတယ်။ နိုင်ငံတကာက တခုခုပြောဖို့ သင့်ပြီပေါ့နော်။ ပိုပြီးတော့ နိုင်ငံရေးပြောင်းလဲဖို့ ဖိအားပေးစေချင်တယ်။"

မနေ့ကဖြစ်ပွားခဲ့တဲ့ တိုက်ပွဲမှာ ရှမ်းပြည်တပ်မတော် တောင်ပိုင်းနဲ့မြောက်ပိုင်းပူးတွဲပြီးတော့ ကျေးသီးနဲ့ မိုင်းနောင် ကားလမ်းပေါ်က မြန်မာစစ်တပ် စခန်းတခုကို တိုက်ခိုက်ခဲ့တယ်လို့ ရှမ်းပြည်တိုးတက်ရေးပါတီရဲ့ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးစိုင်းလက ပြောပါတယ်။

"၁၀ ရက်နေ့မနက် ၆ နာရီ ၂၀ အချိန် SSA တပ်ရင်း ၈၀၁ နဲ့ တောင်ပိုင်း SSA တပ် ပူးပေါင်းပြီးတော့ စစ်အစိုးရတပ်ကို ကျေးသီး၊ မိုင်းနောင် ကားလမ်းပေါ်ရှိတဲ့ ဝမ့်ဖိန်းရွာအနီးမှာ တိုက်ခိုက်ခဲ့လို့အဲဒီ စစ်အစိုးရတပ်က ၄ ဦး ကျပြီးတော့ ၆ ဦး ဒဏ်ရာရရှိသွားတယ်ခင်ဗျ။ တခြားနေရာတွေမှာလည်းရှိပါသေးတယ်ခင်ဗျ။ ကျနော်တို့ပူးတွဲပြီးတော့ အဲဒီလိုတိုက်တာ။"

မြန်မာစစ်တပ်ဟာ တပ်အင်အား တော်တော်များများ ရုပ်သိမ်းသွားပြီဆိုပေမဲ့ ရှမ်းပြည်တိုးတက်ရေးပါတီရဲ့ ဝမ့်ဟိုင်းဒေသဝန်းကျင်တွေမှာ တပ်ရင်း ၇ ရင်းကိုတော့ ရုပ်သိမ်းခြင်းမပြုရသေးပါဘူး။ မြန်မာစစ်တပ်တွေဟာ မိုင်းရှူးဘက်ကိုသွားတဲ့ ဝမ့်မိန်ကားလမ်း၊ ပါခီးကားလမ်း၊ မိုင်းနောင်နဲ့ မိုင်းရှူးကားလမ်းပေါ်က ဝမ်ဖော့နဲ့လမ်းခွဲကားလမ်းတွေကို ထိန်းချုပ်ထားတဲ့အနေအထားမှာ ရှိနေပါတယ်။ ဒီကားလမ်းပေါ်မှာ တင်းကျပ်တဲ့ စိစစ်ရေးပြုလုပ်နေတဲ့အတွက် စားသောက်ကုန်တွေ သယ်ဆောင်ခွင့်မရတော့လို့ ဝမ့်ဟိုင်းဒေသခံတွေ စားသောက်ကုန်အခက်အခဲတွေနဲ့ ရင်ဆိုင်နေရတယ်လို့ ဗိုလ်မှူးစိုင်းလကပြောပါတယ်။ ဇူလိုင်လ ၁၁ ရက်နေ့က ဖြစ်ပွားခဲ့တဲ့တိုက်ပွဲတွေကြောင့် ဝမ့်ဟိုင်းဒေသနဲ့ ဆက်စပ်ရာ ဒေသက ရွာသားတွေဟာ နီးစပ်ရာမြို့ရွာတွေမှာရော တောတောင်ထဲမှာရော ဝတပ်ဖွဲ့တွေ ထိန်းချုပ်ရာဒေသဘက်မှာရော ထိုင်းနယ်စပ်ဘက်တွေမှာပါ ထွက်ပြေးတိမ်းရှောင်နေရပါတယ်။ ထိုင်းနယ်စပ်ဘက်ကို တိမ်းရှောင်လာတဲ့ ဝမ့်ဟိုင်းဒေသခံ ကိုစိုင်းနကတော့ ဒီအဖြစ်အပျက်တွေကို ရှမ်းဘာသာနဲ့အခုလိုပြောပါတယ်။

"မြန်မာစစ်တပ်က ရှမ်းတပ်ဖွဲ့ကို ထိုးစစ်ဆင်လာလို့ ကျနော်တို့ ရွာသားတွေလည်း မနေနိုင်တော့လို့ ထွက်ပြေးလာရတယ်။ ဗမာစစ်တပ်တွေလာရင် ယောက်ျားတွေ့ရင် ပေါ်တာထမ်းဖို့ဖမ်းတယ်၊ မလိုက်ရင်ရိုက်တယ်။ ရွာသားတွေရဲ့ ကြက်တွေ၊ ဝက်တွေ၊ နွားတွေယူစားတယ်။ ရွှေတွေ ငွေတွေပါမကျန်ယူတယ်။ အိမ်ရှင်မရှိတဲ့အိမ်၊ ထွက်ပြေး တိမ်းရှောင်နေတဲ့အိမ်ဆိုရင် မွှေနှောက်ပြီး အကုန်ယူတယ်။ တောတောင်ထဲမှာပဲ လနဲ့ချီ ပုန်းရှောင်နေရတယ်။ ဘာအကူအညီမှ မရှိဘူး။ လယ်မဆင်းနိုင်ဘူး၊ တောင်ယာမလုပ်ရဲဘူး။

"တခြားရွာ၊ တခြားမြို့နယ်တွေတော့ မပြောတတ်ဘူး။ ကျနော်တို့အနီးအနားက ကျေးရွာအုပ်စု ၂ ခု၊ ၃ ခုကပဲ လူပေါင်း ၄၀၀ လောက်ရှိမယ်။ ထွက်မပြေးလို့ကို မရဘူး။ ဗမာစစ်သားနဲ့တွေ့ရင် ရှမ်းတပ်တွေ၊ ရှမ်းသူပုန်တွေကို ဆက်သွယ်သတင်းပေးတယ်ဆိုပြီး တွေ့တဲ့သူကို ဖမ်းတယ်၊ ရိုက်နှက်စစ်ဆေးတယ်။ ဘယ်သူမှ မနေရဲတော့ဘူး။ ကျနော်တို့ရွာဆို ရွာပျက်သလို ဖြစ်သွားပြီ။"

ထိုင်းနိုင်ငံကို ထွက်ပြေးတိမ်းရှောင်လာတဲ့ ဒုက္ခသည်တွေဟာ စစ်ပြေးဒုက္ခသည်အဖြစ် အသိအမှတ်ပြုတာ မခံရဘဲ ရွှေ့ပြောင်းအလုပ်သမားအဖြစ်သာ အလုပ်လုပ်နေရတယ်လို့ ကိုစိုင်းနကပြောပါတယ်။

ရှမ်းပြည်နယ်တခုလုံးမှာ ရှမ်းပြည်တပ်မတော်နဲ့ မြန်မာအစိုးရတို့တိုက်ပွဲတွေကြောင့် မြို့နယ် ၉ ခုက ဒေသခံ ၃၀,၀၀၀ ကျော်နေရပ်ကနေ ထွက်ပြေးတိမ်းရှောင်နေရတယ်လို့လည်း ရှမ်းလူ့အ ခွင့်အရေးအဖွဲ့ကနေ စစ်တမ်းကောက်ယူထားပါတယ်။ ဒီ ထွက်ပြေးနေရတဲ့ ဒုက္ခသည်တွေအနေနဲ့တရုတ်နယ်စပ်၊ ထိုင်းနယ်စပ်နဲ့ တောတောင်တွေထဲမှာခိုလှုံနေရပြီး နိုင်ငံတကာက ကူညီထောက်ပံ့မှုတွေ မရရှိဘူးလို့လည်း ကြေညာချက်ထဲမှာ ထုတ်ပြန်ထားပါတယ်။

ပြီးခဲ့တဲ့လမှာ ဝမ်းပျက်ဝမ်းလျှောနဲ့ ငှက်ဖျားရောဂါကြောင့် ဝမ့်ဟိုင်းဒေသခံဒုက္ခသည် ၂၄ ဦး သေဆုံးသွားခဲ့တယ်လို့လည်း ကြေညာချက်ထဲမှာ ဖော်ပြထားပါတယ်။ အခုလို စစ်ဘေးဒဏ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေရတဲ့ သူတွေကို ဒေသအတွင်း အကူအညီပေးရေးအဖွဲ့တွေကနေတဆင့် နယ်စပ်ဖြတ်ကျော် အကူအညီပေးသွားနိုင်ဖို့ နိုင်ငံတကာ အသိုင်းအဝိုင်းတွေကို ရှမ်းလူထုအခြေပြု အဖွဲ့တွေကနေ တောင်းဆိုထားပါတယ်။

စာမျက်နှာ ၇ မှ

လုပ်ငန်းများကို ပုဂ္ဂလိကသို့လွှဲပြောင်းရောင်းချခဲ့ခြင်း၏အကျိုးဆက်ဟုလည်း ဆိုကြသည်။

၃ နှစ်အတွင်း ဝန်ကြီးဌာန စီးပွားရေးလုပ်ငန်းနှင့် အဆောက်အအုံလုပ်ငန်း ၄၄၀ ကျော်ကို ပုဂ္ဂလိကသို့ ရောင်းချခဲ့သည်။ ယခုနှစ်ဆန်းပိုင်းရောင်းရငွေသည်ပင် ကျပ်ငွေ ဘီလီယံ ၈၀၀ ဖိုးခန့် ရှိပြီးအမေရိကန်ဒေါ်လာသန်း ၁၀၀၀ နှင့် ညီမျှသည်ဟု မြန်မာ့ငွေကြေးကို သုတေသနလုပ်နေသူ ထိုင်းနိုင်ငံအခြေစိုက် ဗဟိုဖွံ့ဖြိုးရေးအဖွဲ့မှဦးအောင်သူငြိမ်းက ဘီဘီစီသို့ ခန့်မှန်း ပြောဆိုသည်။

ဝယ်ယူသူ လုပ်ငန်းရှင်များက ကျပ်ငွေဖြင့် လေလံများ ပေးချေရန်အတွက် ဒေါ်လာများ ပြန်ထုတ်ရောင်းရာမှငွေလည်ပတ်မှု အတွင်း ဒေါ်လာထပ်တိုးလာကာ ကျပ်ငွေနည်းသွားသဖြင့် ကျပ်ငွေတန်ဘိုးတက်လာရသည်ကို ပညာရှင်များက ရည်ညွှန်းကြသည်။

မြန်မာ့စီးပွားရေးကိုမျက်ခြေမပြတ်စောင့်ကြည့်နေသူသြစတြေးလျားနိုင်ငံ MacQuarie University မှ ပါမောက္ခဒေါက်တာရှောင်တာနယ် Sean Turnell က မြန်မာငွေတန်ဖိုးမြင့်လာသဖြင့်ပြည်ပပို့ကုန်လုပ်ငန်းကို ထိခိုက်လာနေသည်ဟု သုံးသပ်ထားသည်။ လက်ရှိအနေအထားကို အစိုးရက အခွင့်ကောင်းယူ၍ ဒေါ်လာနှင့် ကျပ်ငွေလဲလှယ်နှုန်းကို တမျိုးတည်းသတ်မှတ်သင့်သည်ဟု ယူဆကြောင်းလည်းဘီဘီစီသို့ပြောသည်။

မြန်မာစီးပွားရေးပညာရှင်များနှင့် လုပ်ငန်းရှင်ကြီးများကလည်း ကျပ်နှင့် ဒေါ်လာ တရားဝင်လဲနှုန်း ၆ ကျပ်ကို ဖျက်သိမ်းပြီး သင့်တော်သောနှုန်းသေ သို့မဟုတ် နှုန်းရှင်သို့ ပြောင်းသင့်သည်ကြောင်း တညီတည်းပြောဆိုနေ ကြသည်။ ၇၀၀ နှင့် ၈၀၀ အကြားကို အသင့်လျော်ဆုံးဟု ဆိုသူများလည်းရှိသည်။

IMF ကမူ ငွေလဲနှုန်း တမျိုးထက် ပိုရှိနေသဖြင့် နိုင်ငံ၏ စီးပွားရေးကဏ္ဍ အမျိုးမျိုးကို ထိခိုက်နေသည်ဟု သူ၏ ၂၀၀၈ ဩဂုတ်လထုတ်အစီရင်ခံစာ၌ဖော်ပြထားသည်။ ငွေလဲနှုန်းကို နှုန်းသေအားဖြင့်တဒေါ်လာ ကျပ် ၄၀၀နှင့် ၅၀၀ အကြား သတ်မှတ်သင့်ကြောင်း အကြံပြုထားသည်။ အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာနပြောခွင့်ရ အမျိုးသမီး Ms. Victoria Nuland ကမူ လွတ်လပ်သည့် နိုင်ငံ တနိုင်ငံအနေဖြင့် IMF ထံမှ အကူအညီတောင်းခံပိုင်ခွင့်ရှိသကဲ့သို့ ငြင်းပယ်ခွင့်လည်းရှိသည်ဟု ဆိုသည်။

သို့သော် "IMF ရဲ့ အကူအညီယူမယ်ဆိုရင်တော့ IMF ကချမှတ်ထားတဲ့ မူဘောင်စည်းကမ်းတွေကိုတော့ လိုက်နာရမှာပါပဲ" ဟု အင်္ဂါနေ့ပုံမှန်သတင်းစာရှင်းပွဲ၌ဖြေသွားသည်။အမေရိကန်ပြည်ထောင်စုသည် IMF အမှုဆောင် အဖွဲ့ဝင်နိုင်ငံဖြစ်သည်။

IMF သည် ဈေးကွက်စီးပွားရေး၊ ဘဏ္ဍာရေးစနစ် ထင်သာမြင်သာရှိရေး၊ အစိုးရက မစွတ်ဖက်သည့် လွတ်လပ်သည့် ကုန်သွယ်မှုများထူထောင်ရေး၊ အဂတိလိုက်ဖျက်ရေး၊ ဆင်းရဲမှု ပပျောက်စေရန် မူဝါဒများချမှတ်ရေး၊ ကုန်သွယ်ခွန်များ လျှော့ချရေးတို့ကို ဦးစားပေးလေ့ရှိသည်။

IMF အကူညီနှင့်ပတ်သက်၍ ရလဒ်ကို ကြီးကြီးမားမားမျှော်လင့်မထားရန် သတိပေးမှုများရှိနေသည်။ စီးပွားရေးပညာရှင်ခင်မောင်ညို (ဘောဂဗေဒ) ကမူ IMF ထံမှ အကြံဉာဏ်ယူတိုင်း ကောင်းတာမဟုတ်သကဲ့သို့ အကြံဉာဏ်ပေးတိုင်းလည်း လိုက်နာရန်တာဝန်မရှိကြောင်း အွန်လိုင်းသတင်းတခုဖြစ်သော Yangon Press International-YPI သတင်းဌာနသို့ မလေးရှားနှင့်အင်ဒိုနီးရှားနိုင်ငံများကို ဥပမာပေး ပြောထားသည်။

ထိုင်းနိုင်ငံမှစတင်ခဲ့သည့် ၁၉၉၇ ခုနှစ် အာရှငွေကြေး အကျပ်အတည်းကာလက နိုင်ငံခြားကြွေးမြီ ပြန်မဆပ်နိုင်ပဲဖြစ်နေစဉ် IMF ကတောင်းဆိုသည့် Structural Adjustment Programs (SAPs) ခေါ် ပုဂ္ဂလိကပိုင်လုပ်ရေး၊ဈေးကွက် ဥပဒေများ ပယ်ဖျက်ပေးရေး၊ နိုင်ငံခြားကုန်သွယ်ခွန် လျှော့ပေးရေး၊ အစိုးရကမစွတ်ဖက်ပဲ လွတ်လပ်စွာ ကုန်သွယ်ခွင့်ပြုရေးအစီအစဉ်တို့ဖြင့် ငွေချေးပေးခဲ့သည်။

ထိုင်း၊ တောင်ကိုရီးယား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားတို့က လက်ခံခဲ့သော်လည်း မလေးရှားနိုင်ငံက လက်မခံပဲ စီးပွားရေး ပြန်ဦးမော့စေရန် ကြိုးစားနိုင်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံမှာမူ ငွေကြေးအကျပ်အတည်းအကျိုးဆက်အဖြစ် သမ္မတဆူဟာတို နုတ်ထွက်လိုက်ရသည်အထိဖြစ်ခဲ့ရသည်။

IMF အမှုဆောင်အဖွဲ့ဝင် အမေရိကန်အစိုးရက လူ့အခွင့်အရေးချိုးဖောက်မှုများရှိနေသည့် မြန်မာနိုင်ငံသို့ ပို့ကုန်၊ သွင်းကုန်ပိတ်ဆို့ဒဏ်ခတ်ထားပြီး ဘဏ္ဍာငွေလွှဲပြောင်းမှုကို တိုက်ရိုက်သော်လည်းကောင်း၊ တဆင့်သော်လည်းကောင်း မပြုလုပ်ရန် အမေရိကန်ဘဏ်များ၊ အမေရိကန်နိုင်ငံသားများကို တားမြစ်ထားသည်။

# ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေးတောင်းဆို

**RFA | ဩဂုတ်လ ၈ ။** ။ မြန်မာနိုင်ငံမှာ လွန်ခဲ့တဲ့ ၂၃ နှစ် က ၈ လေးလုံး လူထုလှုပ်ရှားမှုမှာ လူပေါင်း ၃ ထောင်နီးပါး သေဆုံးခဲ့တဲ့ဖြစ်ရပ် အပါအဝင် စစ်ရာဇဝတ်မှုတွေနဲ့လူသားတွေ အပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကို စုံစမ်းစစ်ဆေးဖို့ ၈လေးလုံး နှစ်ပတ်လည်နေ့မှာ CSW Christian Solidarity Worldwide အဖွဲ့က ဥရောပသမဂ္ဂကို တောင်းဆိုလိုက်ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး CSW အဖွဲ့ရဲ့အကြီးအကဲ Ben Rogers က - CSW အဖွဲ့အနေနဲ့မြန်မာနိုင်ငံမှာ လူသားတွေအပေါ် ကျူးလွန် ခဲ့တဲ့ရာဇဝတ်မှုတွေနဲ့စစ်ရာဇဝတ်မှုတွေကို စုံစမ်းပေးဖို့ တောင်းဆိုခဲ့ တာနှစ်ပေါင်းအတော်ကြာခဲ့ပါပြီ။ အခု ၈ လေးလုံး ၂၃ နှစ်မြောက်နေ့မှာလည်း ဒီကိစ္စအကောင်အထည်ဖော်ဖို့ ထပ်ပြီးတောင်းဆိုပါတယ်။

ကုလသမဂ္ဂ အထူးကိုယ်စားလှယ် Mr. Tomas Ojea Quintana က စုံစမ်းရေးကော်မရှင်ဖွဲ့ဖို့အကြိမ်ကြိမ် ထောက်ခံခဲ့သလို ပြောဆိုခဲ့ပြီး နိုင်ငံတကာစောင့်ကြည့် လေ့လာသူတွေ၊ နိဘယ်ဆုရှင်တွေ၊ အမေရိကန်၊ ယူကေနဲ့နိုင်ငံပေါင်း ၁၆ နိုင်ငံကျော်၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင်အားလုံးကလည်း တောင်းဆိုခဲ့ပါတယ်။ ဒီပြစ်မှုကျူးလွန်တာတွေအပေါ် နိုင်ငံတကာစုံစမ်းရေးကော်မရှင်က လွတ်လပ်စွာစုံစမ်း စစ်ဆေးခွင့်ရဖို့ အချိန်ရောက်နေပါပြီ။

ဒါဟာ တရားမျှတမှုရဖို့နဲ့အမျိုးသား ပြန်လည်စည်းလုံးမှုရဖို့ သိပ်ကို အရေးကြီးတဲ့ လိုအပ်ချက်ဖြစ်လို့ ၂၃ နှစ်မြောက် ၈ လေးလုံး နှစ်ပါတ်လည်နေ့မှာ နိုင်ငံတကာအနေနဲ့ မြန်မာနိုင်ငံအရေးကို အလေးထားဆွေးနွေးကြဖို့ တိုက်တွန်းလိုက်ပါတယ်လို့ ပြောသွားပါတယ်။

အမေရိကန်နဲ့ ဥရောပသမဂ္ဂဝင် ၁၂ နိုင်ငံ အပါအဝင် စုစုပေါင်း နိုင်ငံ ၁၆ နိုင်ငံက စုံစမ်းရေးကော်မရှင်ဖွဲ့ ရေး ထောက်ခံကြပါတယ်။

# မြို့ပြဆင်းရဲနွမ်းပါးမှု လျှော့ချရေး

ခင်မမမျိုး

**ယခင် အပတ်အဆက်**

တနိုင်တပိုင် စီးပွားရေးလုပ်ငန်းငယ်များ ပေါ်ပေါက်လာစေရန် အားပေးကူညီမှု

မြို့ပြမှာ တနိုင်တပိုင် စီးပွားရေးလုပ်ငန်းငယ်များ ပေါ်ပေါက်လာခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်ခြင်း၊အလုပ်လက်မဲ့နှုန်းလျော့နည်းခြင်းစတဲ့ အကျိုးကျေးဇူးတွေ ရှိလာစေနိုင်ပါတယ်။ အချို့လူတွေဟာ အရောင်းအဝယ် လုပ်ငန်းများအတွက် အတွေးအမြင်ရှိပေမယ့် စတင်ရန် ငွေအရင်းအနှီးမရှိတဲ့ အခက်အခဲကို ကြုံကြရတာကြောင့် အလုပ်လက်မဲ့ဖြစ်နေကြတာဖြစ်ပါတယ်။ ဒီလိုအခြေအနေတွေကို ဖြေရှင်းနိုင်ရေးအတွက် အစိုးရနဲ့ အရပ်ဘက်အဖွဲ့အစည်းများက အသေးစားငွေချေးပေးတဲ့ အင်စတီကျူးရှင်းများ (Micro Finance Institutions) တည်ထောင်ခြင်းဖြင့် အားပေးကူ ညီနိုင်ပါတယ်။

အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရန် ဆောင်ရွက်မှု...

မြို့ပြဆင်းရဲနွမ်းပါးသူများရဲ့အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာစေရေးအတွက် အခွန်နှုန်းထားများလျှော့ချခြင်း၊ အလုပ်အကိုင်တိုးချဲ့မှုကို ခက်ခဲကြန့်ကြာစေသောနည်းဥပဒေများအား ရုတ်သိမ်းခြင်း၊ အမျိုးသမီးများ လုပ်ငန်းခွင်ဝင်နိုင်ရေးအတွက် ကလေးသူငယ်စောင့်ရှောက်ရေးစင်တာများဖွင့်လှစ်ခြင်း၊လုပ်ငန်းခွင်သင်တန်းများပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်စေနိုင်သောစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးကူညီခြင်းစတဲ့ မူဝါဒများကို ချမှတ်ဆောင်ရွက်နိုင်ပါတယ်။

မြို့ပြစိုက်ပျိုးရေး (urban agriculture) ကဏ္ဍ ဖန်တီးဖော်ဆောင်မှု...

မြေပိုမြေလွတ်အနည်းငယ်ရှိသူများအနေနဲ့ တနိုင်တပိုင်စိုက်ပျိုးခြင်းဖြင့်ဖြစ်စေ၊ အခြားစိုက်ပျိုးနိုင်သူများအားမြေပိုငှားရမ်း အသုံးပြုစေခြင်းဖြင့်ဖြစ်စေ မြို့ပြစိုက်ပျိုးရေးကဏ္ဍတွေကို ဖန်တီးဖော်ဆောင်နိုင်ပါတယ်။ နိုင်ငံတော်ပိုင် အသုံးပြုဖော်ဆောင်ထားခြင်းမရှိသော မြေပိုမြေလွတ်များကိုစိုက်ပျိုးရေးကဏ္ဍအတွက်ဆင်းရဲနွမ်းပါးသူများကိုငှားရမ်းအသုံးပြုစေခြင်းဖြင့်လဲ မြို့ပြစိုက်ပျိုးရေးကဏ္ဍ တိုးတက်လာအောင်အားပေးကူညီမှုတွေ ပြုလုပ်နိုင်ပါတယ်။ ဆင်းရဲနွမ်းပါးတဲ့ မြို့ပြစိုက်ပျိုးရေးသမားများအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးခြင်း၊ အကြွေးရယူသုံးစွဲနိုင်ခွင့် အခွင့်အလမ်းများ တိုးမြှင့်ပေးခြင်း၊ အခြေခံအဆောက်အအုံဆိုင်ရာဝန်ဆောင်မှုများပေးခြင်းစတဲ့ မူဝါဒများကိုချမှတ်အကောင်အထည်ဖော်နိုင်ပါတယ်။

အိမ်တွင်းမှုလုပ်ငန်းများတိုးတက်လာစေရန်အားပေးကူညီခြင်း...

ဆင်းရဲနွမ်းပါးသူတွေအနေနဲ့ မုန့်လုပ်ခြင်း၊ စက်ချုပ်လုပ်ငန်း၊ ဇာထိုးပန်းထိုးလုပ်ငန်း စတဲ့ တနိုင်တပိုင် အိမ်တွင်းမှု လုပ်ငန်းတွေကို ဆိုင်ခန်းငှားရမ်းပြီးလုပ်ဆောင်နိုင်ဖို့မလွယ်ကူပါဘူး။ ဒါကြောင့်မိမိအိမ်မှာနေပြီး အလုပ်လုပ်လို့ရတဲ့ အိမ်တွင်းမှုလုပ်ငန်းများ တိုးတက်လာစေရန် အားပေးကူညီဖို့လိုပါတယ်။ ဒီလိုအိမ်တွင်းမှုလုပ်ငန်းများကို အားပေးကူညီရေးအတွက် အခြေခံအဆောက်အအုံ (လျှပ်စစ်မီး၊ သန့်ရှင်းသောရေ၊ ဆက်သွယ်ရေးစသည်) ဆိုင်ရာဝန် ဆောင်မှုများတိုးတက်ကောင်းမွန်ခြင်း၊ အသေးစားငွေချေးလုပ်ငန်းများ ဖော်ဆောင်ပေးခြင်း၊ အိမ်တွင်းမှု သင်တန်းများပေးခြင်း၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုပေးခြင်း၊ ဈေးကွက်များ ဖော်ဆောင်ပေးခြင်း၊ လုပ်ငန်းတည်ထောင်မှုဆိုင်ရာ အကြံဉာဏ်များပေးခြင်း စတဲ့ မူဝါဒတွေကို ချမှတ်အကောင်အထည်ဖော်နိုင်ပါတယ်။

လူမှုထောက်ကူအခွင့်အလမ်းများ ပံ့ပိုးပေးခြင်း...

မြို့ပြဆင်းရဲနွမ်းပါးသူများဟာ များသောအားဖြင့် ပုံမှန်လုပ်ခလစာတွေအပေါ်မှာ မှီပြီး ရပ်တည်နေသူများ မဟုတ်ကြပါဘူး။ ကြုံရာကျပန်းအလုပ်တွေ လုပ်ကိုင်နေကြရသူများဖြစ်ပါတယ်။ ဒါကြောင့် အစာအာဟာရပြည့်စုံလောက်ငရေးအတွက် ငွေကြေး (သို့မဟုတ်)အစားအစာပေးဝေခြင်း စတာတွေနဲ့ ကူညီဖြည့်ဆည်းပေးမှုတွေပြုလုပ်နိုင်ပါတယ်။ အစိုးရအနေနဲ့ safety-net intervention policies များချ မှတ်ဆောင်ရွက်နိုင်သလို၊ အန်ဂျီအို လူမှုရေးအဖွဲ့အစည်းများလွတ်လပ်စွာဖွဲ့စည်းခွင့်ပေးခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများသို့ အကူအညီတောင်းခံခြင်းဆိုင်ရာ မူဝါဒတွေကို ချမှတ်ဆောင်ရွက်နိုင်ပါတယ်။

မြို့သစ်များ ဖော်ဆောင်ပေးခြင်း...

ကျူးကျော်ရပ်ကွက်များ၊ ရထားလမ်း၊ ကားလမ်း၊ မြစ်ကမ်းဘေးမှာ နေထိုင်နေရသူများအတွက် မြို့သစ်များ ဖော်ဆောင်ပေးပြီး၊ ပြောင်းရွှေ့နေရာချထားပေးခြင်း၊ သန့်ရှင်းသောရေရရှိရေး ဆောင်ရွက်ပေးခြင်း၊ မြို့သစ်များအနီးတွင် စက်မှုဇုံများတည်ထောင်၍ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်း၊ ကျောင်းများနှင့် ဆေးရုံများ ဆောက်လုပ်ပေးခြင်း စတာတွေကို ပြုလုပ်နိုင်ပါတယ်။

ကောင်းမွန်သောမြို့ပြအုပ်ချုပ်ရေး good urban governance ...

ကောင်းမွန်သော မြို့ပြအုပ်ချုပ်ရေး ဖော်ဆောင်နိုင်ဖို့အတွက် တာဝန်ခံမှု၊ တာဝန်ယူမှု၊ အများပြည်သူ ပူးပေါင်းပါဝင်မှု၊ စွမ်းရည်တိုးတက်မြှင့်မားမှု၊ လာဘ်စားမှုများကို တိုက်ဖျက်နိမ်နင်းရေး စတဲ့ကဏ္ဍတွေမှာ သင့်လျော်တဲ့မူဝါဒတွေ ချမှတ်နိုင်ဖို့လိုအပ်ပါတယ်။ ရပ်ကွက်အုပ်ချုပ်ရေးတာဝန်ရှိသူများနဲ့ ရပ်ရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောအ

စာမျက်နှာ ၁၈ သို့

# မြန်မာ့ဆန်တန်ချိန်မြောက်ကိုရီးယားသို့ ရောင်းချမည်

**MIZZIMA ၊ ဩဂုတ်လ ၉ ။** ။မြောက်ကိုရီးယား အလံတင် တူမန်ဂန် Tu Man Gang သင်္ဘောသည် ရန်ကုန်ဆိပ်ကမ်းတွင် ကုန်တင်ရန် ဆိုက်ကပ်ထားရာ မြန်မာနှင့်မြောက်ကိုရီးယားဆက်ဆံရေးသည် ဆက်လက်ကောင်းမွန်နေသည့်ပြယုဂ်တခု ဖြစ်သည်။

မဇ္ဈိမအနေဖြင့် သီးခြားအတည်ပြုချက် မရနိုင်သော်လည်း တာဝန်ရှိသူတဦးအဆိုအရ မြန်မာသည် မြောက်ကိုရီးယားသို့ဆန်တန်ချိန် ၈ ထောင်ခန့် ရောင်းချရန်ရှိနေပြီး တူမန်ဂန်ပေါ်တင်ရန်ရှိသည်ဟုဆိုသည်။ ကျသင့်သော ငွေတန်ဖိုးကို ဈေးကွက်စနစ်ဖြင့် သဘောတူညီချက်အရ မြန်မာအနေဖြင့် ၂၅ မှတ် ဒေ့မထဆန်အိတ်ပေါင်း ၁၆၀,၀၀၀ ကို မြောက်ကိုရီးယားသို့ ရောင်းမှာဖြစ်သည်ဟု ဆိုသည်။

တနင်္လာနေ့က ဆူးလေ အမှတ် ၃ ဆိပ်ခံတံတားသို့ ဆိုက်ကပ်လာခဲ့သည့်တူမန်ဂန်သင်္ဘောပေါ်သို့ ဆန်အိတ်များတင်နေပြီဟုလည်း သတင်းရပ်ကွက်က ပြောသည်။ ရန်ကုန်မြို့ရှိ မဇ္ဈိမသတင်းထောက်တဦးက တူမန်ဂန်ကို တွေ့မြင်ခဲ့ပြီး " ပစ္စည်းချတာထက် ပစ္စည်းတင်တာ ဖြစ်ဖို့ပိုများမယ်။ သင်္ဘောရေမှတ်က တော်တော်အပေါ် ရောက်နေတယ်"ဟု ပြောသည်။

ထို့အပြင် သင်္ဘောနားတွင်လည်း " တာလပတ်အုပ်ထားတဲ့ ကုန် ကားတွေအများကြီးရပ်ထားတယ်။ အတင်အချတော့ မတွေ့ရဘူး။ သင်္ဘောနားက ကားတွေအကုန်လုံးက ၁၀ ဘီး ၁၂ ဘီး သာမာန်အရပ်သား နံပါတ်နဲ့ကားတွေပဲ။ တာလပတ်အစိမ်းတွေ အုပ်ထားတယ်" ဟု ဆက်ပြောသည်။

သတင်းရပ်ကွက်အဆိုအရဆန်အိတ်များသည်စစ်တပ်ရန်ပုံငွေရှာမြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ပိုင်ဆိုင်သည်ဟု ဆိုသည်။ ၁၉၉၃ ခုနှစ်ကတည်းက မြောက်ကိုရီးယားသည် မြန်မာ့ဆန်ကိုဝယ်ယူနေခဲ့သောနိုင်ငံဖြစ်သည်။ နောက်ဆုံးအကြိမ်မြောက်ကိုရီးယားသင်္ဘော ရန်ကုန်ဆိပ်ကမ်းတွင် ကပ်ခဲ့သည်က ယမန်နှစ် ဒီဇင်ဘာလအတွင်းက ဖြစ်သည်။

အစားအစာ လျော့ပါးမှု ဒဏ်ခံနေရသည်ဟု သတင်းထွက်သော မြောက်ကိုရီးယားသည် တရုတ်နိုင်ငံမှ အစားအသောက်များကို အဓိက တင်သွင်းနေရသည်။ ယခုနှစ် ဇန်နဝါရီမှ မေလအတွင်း မြောက်ကိုရီးယား-တရုတ်ကုန်သွယ်မှုပမာဏမှာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁.၉၆ ဘီလီယံအထိရောက်ခဲ့ရာ ယခင်နှစ်ကာလ တူထက်နှစ်ဆ မြင့် တက်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားက တရုတ်နိုင်ငံမှ ၁.၁၄၈ ဘီလီယံဒေါ်လာ တန်ဖိုးရှိ ပစ္စည်းများ တင်သွင်းခဲ့သော်လည်း ပြောင်းနှင့် ဆန်တင်သွင်းမှုမှာ ၄ ရာခိုင်နှုန်းအထိသာရှိသည်။ ယခင်နှစ် ကာလ ထက်စာလျှင်တော့ အနည်းငယ်တိုးလာပြီး တန်ချိန် ၁၁၃,၀၀၀ တန်မှ ၁၁၉,၀၀၀ တန်သို့ ရောက်လာခဲ့သည်။

တရုတ်နိုင်ငံ ရေကြောင်း အကောက်ခွန်ဌာန ထုတ်ပြန်ချက်အရ မြောက်ကိုရီးယား ရေပေါ်ဆီများအတွက် အရက်၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို ထိုကာလအတွင်းက အမေရိကန်ဒေါ်လာ ၁၀ သန်း တန်ဖိုးရှိသည်ဟု ဆိုသည်။

---

**စာမျက်နှာ ၁၇ မှ**

ရပ်ဘက်လူ့အဖွဲ့များမှ တာဝန်ရှိသူများရဲ့ စွမ်းရည်မြင့်မားမှုကလဲ အရေးပါတဲ့အတွက် စာတွေ့၊ လက်တွေ့သင်တန်းများပေးခြင်းကို ပြုလုပ်နိုင်ပါတယ်။ နိုင်ငံတကာ အဆင့်မီ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးပညာများကို ဖြန့်ဖြူးပေးဖို့လိုအပ်ပါတယ်။

လူသားလုံခြုံရေး (Human Security) ရှိလာစေရန် ကာကွယ်စောင့်ရှောက်ခြင်း...

မြို့ပြဆင်းရဲနွမ်းပါးမှုနဲ့ ရာဇဝတ်မှုထူပြောခြင်းတို့အကြားမှာ ထင်သာမြင်သာတဲ့ ဆက်စပ်မှုတွေရှိပါတယ်။ရာဇဝတ်မှုများကိုတားဆီးကာကွယ်နှိမ်နင်းခြင်း၊ လူသားလုံခြုံရေးရှိလာစေရန် ပြည်သူအများအား ကာကွယ်စောင့်ရှောက်ခြင်း၊ ဥပဒေ အခွင့်အလမ်းများခံစားခွင့်ရှိစေခြင်း၊ ဥပဒေဘက်တော်သားများအား လူထုမှယုံကြည်မှုတိုးပွားလာစေခြင်းဆိုင်ရာမူဝါဒများကို ချမှတ်အကောင်အထည်ဖော်နိုင်ပါတယ်။

နိဂုံး...

ကျေးလက်ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ မူဝါဒများထက်စာရင် မြို့ပြဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ မူဝါဒတွေက မူဝါဒရေးရာ ချမှတ်ဆောင်ရွက်နေသူများအတွက် အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ ပိုမိုတွေ့ကြုံစေနိုင်ပါတယ်။ မြို့ပြဆင်းရဲနွမ်းပါးမှု၊ မြို့ပြလူတန်းစားကွာဟမှုပြဿနာတွေဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာတစထက် တစကြီးထွားလာတဲ့ ပြဿနာတွေဖြစ်ပါတယ်။ ဒါကြောင့် မြို့ပြဆင်းရဲ နွမ်းပါးမှု လျှော့ချရေးအတွက် သင့်လျော်သော မူဝါဒများချမှတ်ဆောင်ရွက်နိုင်ရေးက အရေးကြီးလှပါကြောင်း ရေးသားတင်ပြအပ်ပါတယ်။

ရည်ညွှန်းကိုးကား။ ။

Baker, J. & Schuler, N. (2004) Analysing Urban Poverty: A summary of methods and approaches, World Bank Policy Research Working Paper 3399, World Bank, Washington DC.

Baharoglu, D. & Kessides, C. (2002) "Urban Poverty" in Klugman (ed.) A sourcebook for poverty reduction strategies: Volume 2: Macroeconomic and sectoral approaches, World Bank, Washington DC.

Urban Poverty and the Working Poor: FACING THE CHALLENGES OF URBANIZATION AND URBAN POVERTY IN ASIA AND THE PACIFIC, Committee on Poverty Reduction, Economic and Social Commission on Asia and Pacific, Fourth Session, 12-14 December 2007, Bangkok

✡✡✡✡✡

# တိုင်းပြည် ငွေကြေးလည်ပတ်မှုမှာ မထုတ်ပြန်သင့်သော အရာဟု ဝန်ကြီးပြော

**MIZZIMA | ဩဂုတ်လ ၁၂။** ။ မြန်မာနိုင်ငံတွင်း ငွေကြေးလည်ပတ်မှုပမာဏနှင့်ပတ်သက်၍ ထုတ်ပြန်ခြင်းမရှိသည့်အပေါ် ပြန်ကြားရေးဝန်ကြီးဦးကျော်ဆန်းက "အမျိုးသားအကျိုးစီးပွားဖြစ်သည်"ဟုဆိုကာ ဖြေဆိုရန် ငြင်းဆန်သွားသည်။ ပြည်ထောင်စုအစိုးရ အဆင့်သတင်းစာရှင်းလင်းပွဲကို နေပြည်တော်တွင် သောကြာနေ့က နှစ်ပိုင်းခွဲကျင်းပပြီး ပထမပိုင်းတွင် ဦးကျော်ဆန်းက ၁ နာရီနှင့် မိနစ် ၄၀ ကြာလက်ရှိဖြစ်ပွားနေသော ကချင်လွတ်မြောက်ရေးအဖွဲ့နှင့် ပဋိပက္ခကို အဓိကထား ပြောကြားသွားခဲ့ကာ ဒုတိယပိုင်းတွင် သတင်းထောက်များ၏မေးမြန်းမှုများကိုဖြေကြားခဲ့သည်။

သတင်းထောက် တဦးက ၁၉၉၇ ခုနှစ်အထိ တိုင်းပြည် ငွေကြေးလည်ပတ်မှုနှင့် ပတ်သက်၍အစိုးရက ထုတ်ပြန် ခဲ့ကြောင်းနှင့် ယခုအခါ ထုတ်ပြန်ခြင်းမရှိသည့်အပေါ် မေးမြန်းရာ " အဲဒါက အမျိုးသားအကျိုးစီးပွားရေးအရ သတင်းသမားတွေကို မေးမရ၊ မသိရတဲ့ဟာတွေ ရှိပါတယ်" ဟု ဦးကျော်ဆန်းက ပြန်လည်ဖြေကြားသွားသည်။

၁၁ ဦးပါဝင်သည့် ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ကို ဦးကျော်ဆန်းက ခေါင်းဆောင်သည်။ သဘောထားတင်းမာသူဟု ရည်ညွှန်းခံရလေ့ရှိသော ဝန်ကြီးမှာ သတင်းစာရှင်းလင်းပွဲ၌ မျက်ရည်လည်သွားခြင်းက တက်ရောက်လာသော သတင်းထောက်များကို အံ့အားသင့် ပြောစမှတ်တွင်သွားသည်။

သတင်းထောက်တဦးက ကန့်ကွက်မှုများနေသော မေခ၊ မလိခ မြစ်ပေါင်းဆုံရာ မြစ်ဆုံတွင် ရေအားလျှပ်စစ် မဂ္ဂါဝပ် ၆၀၀၀ ထုတ်မည့် ဆည်ကာတာစီမံကိန်းကို ရပ်တန့်ရန်ရှိပါသလားနှင့် ငွေစက္ကူအသစ်များ ရိုက်နှိပ်ထုတ်ဝေရန် ရှိပါသလားဆိုသည့် မေးခွန်းကိုပြန်လည်ဖြေကြားရာတွင် မြစ်ဆုံစီမံကိန်းမှာကြီးကြီးမားမားပြဿနာမရှိကြောင်းနှင့် အမြင်ကွဲပြားမှုများသာဖြစ်သည်ဟု ဖြေကြားသည်။

ထို့နောက် အမေရိကန် ဆန်ရှင် ပိတ်ဆို့ထားမှုကိုပါ ထည့်ပြောကာ အတိုက်အခံများက "နိုင်ငံတော်လုပ်သမျှ အကောင်းမမြင်တာပါ" "အရင်ကတည်းက ခေါင်းဆောင်ကြီးတွေက စေတနာရှိခဲ့ပါတယ်"ဟု ပြောရင်း နှစ်မိနစ် ကျော်ကြာ အသံတိတ်သွားခဲ့တော့သည်။ ယင်း အဖြစ်အပျက်နှင့်ပတ်သက်၍ "အခန်းထဲမှာ အသံကို တိတ်သွားတာပဲ" ဟု သွားရောက်သတင်းယူခဲ့သူ သတင်းထောက်တယောက်က မဇ္ဈိမကို ပြောသည်။

အဖြစ်အပျက်ကို ပြန်လည် မပေါက်ကြားစေခဲ့သော်လည်းသတင်းစာ ရှင်းလင်းပွဲပြီး မကြာမီမှာပင် အင်တာနက်၌ လူအများ စိတ်ဝင်စားမှုခံရသော သတင်းတခုဖြစ်နေသည်။ မြစ်ဆုံ ရေကာတာနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာခဲ့သော စာတမ်းများရှိ၊ မရှိမေးမြန်းသည်ကိုမူ လျှပ်စစ်ဝန်ကြီးဌာနမှ ဒုညွှန်မှူးတဦးကပြီးခဲ့သည့်ရက်ပိုင်းက ဒုညွှန်ချုပ် ကိုယ်တိုင်ဆောင်းပါးရေးထား ကြောင်းနှင့် EIA - Environmental Impact Assessment မှ မြစ်အထက်ပိုင်း၌ သုတေသန လုပ်ထားသော်လည်း မြစ်အောက်ပိုင်းကိုမူ လုပ်ဆောင်နေဆဲဟု ဖြေကြားသွားခဲ့သည်။

သဘာဝပတ်ဝန်းကျင် ဆိုးကျိုးများနှင့် ဒေသခံတို့ကိုကြီးမားသော ဆိုးကျိုးများရှိနိုင်သည့် မြစ်ဆုံဆည်စီမံကိန်းအပေါ် စိုးရိမ်ကြောင်း အတိုက်အခံ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ထုတ်ဖော်ပြောဆိုထားသလို ပြည်တွင်း မီဒီယာများနှင့် အင်တာနက်တွင်ဝေဖန်မှုများ တွေ့လာရသည်။

သို့သော်လည်း အမျိုးသား အကျိုးစီးပွားရေးကို ကြည့်ပြီးနောက် ချင့်ချိန်ကာဆက်ပြီး ဆောက်ရွက်မည်ဟု ဦးကျော်ဆန်းက ဖြေကြားသွားသည်။ ထို့ပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရပ်တည်ရေးနှင့်ပတ်သက်၍ ဥပဒေအောင် စည်းမျဉ်းအတိုင်း၊ ဥပဒေ မူဝါဒအတိုင်းဆောက်ရွက်သွားရမည်ဟု ဦးကျော်ဆန်းက ဖြေဆိုသွားသည်။

ပထမပိုင်း စာတမ်း ဖတ်ကြားမှုတွင် ကချင် လွတ်မြောက်ရေးအဖွဲ့နှင့် အစိုးရတပ်တို့ တိုက်ပွဲများ ဖြစ်ပွားနေမှုနှင့်ပတ်သက်၍ ကချင်လွတ်မြောက်ရေး အဖွဲ့ KIO ကိုသာ "သူခိုးက လူဟစ်တယ်" ဟု ပြောကြားသွားသည်။

"တိုင်းရင်းသားအဖွဲ့ကို အပြစ်တင်သွားတယ်။ "သူခိုးကလူဟစ်တယ်"ဆိုပြီးပြောလိုက်တယ်။ ဝန်ကြီးကိုယ်တိုင် အဲဒီစကားပြောတယ်။ အဲဒါက ဘာလဲဆိုတော့ ကချင်မှာ ပါဂျရိုကားကို ပစ်သွားတဲ့ကိစ္စမှာ KIO ကနေ သတင်းအမှားတွေ ထုတ်လိုက်လို့ဆိုပြီးတော့ ပြောတယ်။ မိုင်းခွဲလို့ရှိရင် ဒီလိုမနေပါဘူး။ ဒါက သိသာထင်ရှားတဲ့ကိစ္စပဲ" ဟု သတင်းစာ ရှင်းလင်းပွဲတက်ရောက်သူ ပြည်တွင်းသတင်းထောက်တဦးက ဆိုသည်။

ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်တာပိန် ရေအားလျှပ်စစ်စက်ရုံမှ မိုးမောက်မြို့သို့ ပြန်လာသည့် ပါဂျရိုကားကို ဩဂုတ်လ ၂ ရက်နေ့က ပစ်ခတ်ခဲ့သဖြင့် ကားပေါ်ပါလာသူ ဒုရဲအုပ်အောင်ကြည်ထွန်း အပါအဝင် ၇ ဦး သေဆုံးခဲ့မှုနှင့်ပတ်သက်၍ KIO ဘက်မှ ပြည်ပသတင်းဌာနများကို သတင်းမှားထုတ်ခဲ့ခြင်းဖြစ်သည်ဟုဝန်ကြီးက ပြောဆိုသည်။

ဆက်လက်ပြီး KIO ကလမ်း၊ တံတားများ မိုင်းခွဲ ဖျက်ဆီးခြင်း၊ ကားမိုင်းထောင်ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်မှုများ ပြုလုပ်ခြင်းအပြင်ပြည်ပသတင်းဌာနများသို့ သတင်းအမှားများပေးပို့ခဲ့သည်ဟုလည်း ပြောကြားသွားသည်။

ထို့အပြင် ကချင်လွတ်မြောက်ရေး တပ်မတော် (ကေအိုင်အေ) သည် ငြိမ်းချမ်းရေးသဘောတူညီချက်များကို ချိုးဖောက်ကြောင်း၊ဒေသခံပြည်သူများကို စစ်ပြေးဒုက္ခသည်များအဖြစ် အသုံးချဝါဒဖြန့်ကြောင်း စွပ်စွဲပြောဆိုသည်။

ကေအိုင်အေ ဌာနချုပ် လိုင်ဇာမြို့တွင် လူ လေးထောင်ခန့်သာ လတ်တလောရှိပြီး ၇၀ ရာခိုင်နှုန်းမှာ ကေအိုင်အေနဲ့ သက်ဆိုင်သူများသာ ဖြစ်ကြောင်း ကျန် ၃၀ ရာခိုင်နှုန်းမှာ နီးစပ်ရာကျေးရွာများမှ လက်နက်ဖြင့်ခြိမ်းခြောက်ပြီး အတင်းရွှေ့ခံရသည့်သူများဖြစ်သည်ဟု ဝန်ကြီးက ပြောသည်။

ကေအိုင်အို အဆိုအရ လိုင်ဇာမြို့တွင် စစ်ဘေးဒဏ်ကြောင့် ကချင်ပြည်နယ်အတွင်း ဖွန်လ ၉ ရက်မှစ၍ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် စစ်ဘေးခိုလှုံလိုကြသည့် ဒေသခံပြည်သူ ၉၀၀၀ ကျော်အတွက် ကေအိုင်အိုက လိုင်ဇာ၊ ဝိုင်းမော်နှင့်မိုးမောက်မြို့နယ်တို့တွင် ဒုက္ခသည် ကယ်ဆယ်ရေးစခန်းများဖွင့်ထားပေးသည်ဟု သိရသည်။

# နိုင်ငံရေးအကျဉ်းသားပြန်လွှတ်ရေး နှိုးဆော်ပိုစတာများ ချိတ်ဆွဲလှုပ်ရှားတောင်းဆို

**RFA၊ ဩဂုတ်လ ၁၂။** ။ ရန်ကုန်မြို့ အပါအဝင် တခြားမြို့ကြီးတွေက လူစည်ကားတဲ့နေရာတွေမှာ နိုင်ငံရေးအကျဉ်းသားများပြန်လွှတ်ပေးရေး နှိုးဆော်ပိုစတာချိတ်ဆွဲ လှုပ်ရှားမှုတွေ ဒီကနေ့ မနက် အစောပိုင်းမှာ ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့က ရန်ကုန်မြို့နှင့် အခြားမြို့ကြီးများတွင် ချိတ်ဆွဲခဲ့သည့်နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး ပိုစတာ ဖြစ်ပါသည်။

ရန်ကုန်မြို့ တောင်ဒဂုံ ၂၅ ရပ်ကွက် စည်ပင်လမ်း ၊ စက်မှုဇုံ ၊ ရန်ကင်းမြို့နယ်နဲ့တခြားမြို့နယ်တွေမှာနိုင်ငံရေးအကျဉ်းသားများချက်ချင်းလွှတ်ပေးဆိုတဲ့ စာတမ်းနဲ့ဓါတ်ပုံပါ ဗိုင်းနိုင်းပိုစတာတွေကပ်ထားတာ မြင်ခဲ့ရတယ်လို့ ရန်ကုန်မြို့ခံတဦးက ပြောပါတယ်။

"မနက်က ၆ နာရီလောက်မှာ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့ တောင်းဆိုထားတဲ့ပိုစတာကို ဓာတ်တိုင်မှာ ချိတ်ထားတာတွေ့တယ်။ ထိပ်ဆုံးမှာ သံဃာတော်တွေရဲ့ ပုံတွေပါတယ်။ အောက်ဘက်မှာ ကိုမင်းကိုနိုင်၊ ကိုဇာဂနာ၊ ကိုကိုကြီးနဲ့ တခြားဓာတ်ပုံတွေပါတယ်။ ဓာတ်ပုံ ၇၀ ကျော်လောက်ရှိမယ်။ ပိုစတာက ၆ ပေ ၃ ပေလောက်ရှိတယ်။ ငြိမ်းချမ်းရေးအတွက် အကျဉ်းကျနိုင်ငံရေး သမားများကို ချက်ချင်းလွှတ် ဆိုတဲ့ စာတမ်း ပါတယ်"

မနက်ပိုင်းမှာပဲ သက်ဆိုင်ရာ အာဏာပိုင်တွေနဲ့ ရဲ အဖွဲ့ဝင်တွေ ရောက်လာပြီး ပိုစတာတွေကို ဖြုတ်ယူသွားတယ်လို့ ဆိုပါတယ်။

အလားတူ နိုင်ငံရေးအကျဉ်းသားတွေ ပြန်လွှတ်ပေးဖို့ တောင်းဆိုတဲ့ အနေနဲ့ ဒီကနေ့မနက် အစောပိုင်းက ဟင်္သာတမြို့မှာ နိုင်ငံရေး အကျဉ်းသားတွေရဲ့ ဓာတ်ပုံတွေပါတဲ့ ပိုစတာတွေကို မြို့ရဲ့ လူစည်ကားရာ နေရာတွေမှာ လိုက်လံချိတ်ဆွဲခဲ့တယ်လို့ သတင်းရရှိပါတယ်။

ဒီကနေ့မနက်ပိုင်း ၇ နာရီလောက်အထိ မြို့ရဲ့ လူစည်ကားရာ နေရာတွေမှာ ၄ ပေ ၆ ပေ လောက်ရှိတဲ့ ပိုစတာတွေကို တွေ့ရတဲ့ အကြောင်း ဟင်္သာတမြို့ခံတဦးက အခုလိုပြော ပြပါတယ်။

"နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့ဆိုတဲ့ အလျား ၆ ပေ အနံ ၄ ပေ လောက်ရှိတဲ့ ဗိုင်းနိုင်းမှာ မြန်မာပြည်သူတွေ နောက်မှာ ကမ္ဘာ့ ပြည်သူတွေ ရှိတယ်။ နိုင်ငံရေးအကျဉ်းသားများ ချက်ချင်းလွှတ် ဆိုပြီးရေးထားတယ်။ ဓာတ်ပုံ ၁၀၀ လောက်ပါတယ်။ မြို့လယ် လူစည်ကားတဲ့ နေရာတွေမှာ လိုက်ထောင်ထားတာ"

ဒီပိုစတာတွေမှာ လူသိများတဲ့ နိုင်ငံရေးအကျဉ်းသားတွေရဲ့ ဓာတ်ပုံတွေနဲ့အတူအခြားနိုင်ငံရေးအကျဉ်းသားတရာလောက်ရဲ့ဓာတ်ပုံတွေပါဝင်တယ်လို့ဆိုပါတယ်။ ပိုစတာတွေကို မနက် ၇ နာရီ ဝန်းကျင်လောက်မှာ ရဲတွေက ဖြုတ်ယူသွားကြတယ်လို့ အဲဒီမြို့ခံကပဲ ပြောဆိုခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ အကျဉ်းထောင်တွေထဲမှာ နိုင်ငံရေးအကျဉ်း သား ၂၀၀၀ ကျော်ရှိနေပါတယ်။

Voice of Burma

APTO 502
7-18-1 Takinogawa
Kita Ku, Tokyo
Japan. 114 - 0023

Tel/Fax: 81 3-3949-3919
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်